ဋ္ဌိဝဒုတ္တရတ်၊ ဝိသုဒ္ဓတ်၏၊ သုံးရာသော
သာသနာသည် မင်္ဂလာဒေါင်ဝန်း မှောင်မစွန်းဘဲ
ပြောင်ရွှန်းကြက်သရေ တက်သင်နေကဲ့သို့
ယှက်ဝေကြီးမြင့်၊ ပွင့်ကြီးပွင့်၍
တင့်တယ်ပါစေသောဟု
မနောဟိတ်ပုံ၊ စိတ်အာရုံဖြင့် သထုံဒီစတြိတ်၊
ကျိုက်ကော်တိုက် - ကျောက်ချောင်းရွာအရှေ့
တောရကျောင်း၌ ကိန်းအောင်းမွေ့လျော်တော်မူသော

ဦးဇဝန အရှင်မြတ်သည်

ပိဋကတ်ကျမ်းဂန်မှ လမ်းမှန်ကို
ထုတ်ဘော်ပြလိုက်သော

# သာသနဝိသောဓနီကျမ်း။

★

သီဟရတနာ စာပုံနှိပ်တိုက်။
၁၃၆- ဘိဂင်းဒက်လမ်း၊ ရန်ကုန်မြို့။

၁

၁၀၇၇

ဦးဇာဝနအရှင်မြတ်

၏

ပိဋကတ် ကျမ်းဂန်မှ လမ်းမှန်ကို

ထုတ်ဆောင်ပြလိုက်သော၊

# သာသနဝိသောဓနီကျမ်း။

သီဟရတနာ စာပုံနှိပ်တိုက်။
၁၃၆- ဘီဂင်းဒက်လမ်း၊ ရန်ကုန်မြို့။

၁၉၁၈-ခု၊ ဝါဆိုလတွင် ပုံနှိပ်သည်။

❊ ❊ ❊

ရတနာပုံမန္တလေး၊ပဌမသာသနာပိုင်ဆရာတော်
ဦးဥေယျ၊သုဓမ္မာဆရာတော်ရှစ်ပါး၊ပဥ္စမ
သင်္ဂါယနာတင်ဘုရင်မင်းဘုရားတို့
ထုတ်ဆင့်သော၊အလဇ္ဇီခြပ်းရာ
လက္ခဏာအရ၊ဓမ္မဝိနယ
အမိန့်တော်ပြန်တမ်း။

၁၊ သာသနာတော်ဆိုသည့်အရာသည်၊ ဝိနည်းတရားတော် ထင်လျှားရှိသည့်အတိုင်းရဟန်းတော်တို့ ကောင်းမွန်စွာ မကျင့် မဆောင်က သာသနာတော် ညှိုးနွမ်းသည်။ တရားတော်ကို မကျင့်မဆောင်သော တယောက်သောအလဇ္ဇီသည် အလဇ္ဇီတထောင်ကို ဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်၊ ထို့ သာသနာတော် ညှိုးနွမ်း ပျက်စီးကြောင်း ဖြစ်သော အလဇ္ဇီတို့၏ အမှုအကျင့်ဟု ဆိုအပ်သော၊ ရွှေ ငွေ၊ မာသက ကဟာပဏာဟူသော လေးပါးသောနိဿဂ္ဂိယဝတ္ထု။ ပုလဲ၊ ပတ္တမြား၊ ကြောက်မြက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊သန္တာပတ္တမြားနီ၊ပတ္တမြားပြောက်၊ သလေး၊ ကောက်ကြီးမယော၊ ဆပ်၊ လူး၊ ဖဲပြောင်း။ နှတ်ကောက်၊ စပါးမျိုးခုနစ်ပါး၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊

လယ်ယာ၊ ပန်းအရံ၊ သစ်သီးအရံစသောဒုက္ကုဋ်ဝတ္ထု
တို့ကို ရှာမှီးခြင်း။ အနီး၌ထားသည်ကို သာယာခြင်း။
သိုမှီးသိမ်းဆည်းခြင်းဟူသောအလဇ္ဇိခမ္ဘ။

၂။ နိဿဂ္ဂိယဝတ္ထုချင်းချင်းလဲလှယ် ရောင်းဝယ်
ခြင်း။ နိဿဂ္ဂိယဝတ္ထုဖြင့် ဆွမ်း၊ ဆန် ဖျင်၊ ပုဆိုးစသော
ကပ္ပိယဝတ္ထုကို လဲလှယ် ရောင်းဝယ်ခြင်း ဒုက္ကုဋ်
ဝတ္ထု ချင်းချင်း လဲလှယ် ရောင်းဝယ်ခြင်း။ ဒုက္ကုဋ်ဝတ္ထု
ဖြင့် နိဿဂ္ဂိယဝတ္ထုကပ္ပိယ ဝတ္ထုတို့ကို လဲလှယ်
ရောင်းဝယ်ခြင်းစသော အလဇ္ဇိခမ္ဘ။

၃။ ရဟန်းတို့ပရိက္ခရာကိုရောင်း၍ရသော ရွှေ၊
ငွေ စသော နိဿဂ္ဂိယဝတ္ထုတို့ကို ခံခြင်းဟူသော
အလဇ္ဇိခမ္ဘ။

၄။ ရဟန်းတို့ကပ္ပိယစသော ပရိက္ခရာဖြင့် က
ဝါသည် စသောလူတို့ထံ။ ကွမ်းအစ်၊ ထုံးဘူး၊ ကန့်
ကူ၊ ပုရပိုက်စသော ကပ္ပိယဝတ္ထုကို ကိုယ်တိုင် လဲ
လှယ် ရောင်းဝယ်ခြင်းဟူသော အလဇ္ဇိခမ္ဘ၊

၅။ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ကသည်မှုန့်၊
မြေညက်ဝါး၊ တန်ပူ၊ ဆေးပေးခြင်း၊ သလုံးမြင်း
ခေါင်းဖြင့်၊ ဒါယကာတို့၏ အစေအပါးကို ခံခြင်း။

ဤရှစ်ပါးသော ကုလဒူသကအမှုကို ပြုခြင်းဟူသော အလဇ္ဇိဓမ္မ။

၆။ ဝါးပေးခြင်းစသော။ ၂၁-ပါးသော အနေသနတို့၌ အကျုံးဝင်သောလူတို့ကို ထမင်းကျွေးခြင်း။ မုန့်ပေးခြင်း၊ ကွမ်းဆေးထည့်ခြင်း။ နေရာခင်း၍ အရိုအသေပြုခြင်း။ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသော အလဇ္ဇိဓမ္မ။

၇။ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်ကို လွန်ကျူးခြင်း၊ အံ့ဘွယ်သရဲကိုဖြစ်စေ၍လာဘ်ကို ရှာမှီးခြင်း။ ပစ္စည်းရခြင်း၏ အကြောင်းကို ပြောဆို၍ လာဘ်ကိုရှာမှီးခြင်း။ ရအပ်ပြီးသော အနည်းငယ်သော လာဘ်ကို ပေးသဖြင့် မရသေးသော များစွာသော လာဘ်ကိုတောင့်တရှာမှီးခြင်း စသောယုတ်မာသော သဘော၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝဟူသော အလဇ္ဇိဓမ္မ။

၈။ ဆင်စီး၊ မြင်းစီး၊ ရထားစီးအတတ် စသော မဂ်ဖိုလ်မှဘီလာဖြစ်သော တိရစ္ဆာနဝိဇ္ဇာအတတ်မျိုး

၌ အကျုံးဝင်သော ပြဒါးသတ်ခြင်း၊ ပြာချခြင်း၊ ခဲ စေ ခြင်း စသည်ကိုဆိုသော တိရစ္ဆာနဝိဇ္ဇာ၊ လောကာ ယတကျမ်းကိုရဟန်းတို့သင်လည်း မသင်အပ်၊ သူတ ပါးကိုလည်း မပြောအပ်၊ ကြေးငွေမပါ၊ သစ်ခြစ်သစ် ရွက်စသော ဆေးဖြင့်သာပြုစုသော်လည်း၊ ရှင်းအတက် တို့ကိုလေ့လည်း မလေ့ကျက်အပ်၊ သူတပါးကိုလည်း မပြောအပ်လုပ်လည်းမလုပ်အပ်၊ လေ့ကျက်ပြသ ပြု လုပ်သောရဟန်းတို့သည်၊ ဝွန့်တိုင်း၊ ဝွန့်တိုင်း၊ ပယော ဂတိုင်း၊ ပယောဂတိုင်း၊ ဒုက္ကဋ်အာပတ် သင့်ခြင်းဟူ သောအလဇ္ဇီဓမ္မ၊

၉၊ ငွေနှင့် ခဲကြေးကိုစပ်၍၊ စပ်တူအသိုရပ်ပြုလုပ် သူတို့သည်၊ လုပ်ဆောင်ရန်ငွေကို ခံကတည်းကပင် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်၊ ခဲကြေးကိုငွေနှင့်စပ် ၍သုံးဆောင်သောအခါမှိုးခြင်း ၂၅ ပါးတွင်၊ ထေယျာဝ ဟာရ၌အကျုံးဝင်သောကြောင့် ကူဋကဟာပဏဝ ဟာရဖြင့်ဆုံးဖြတ်အပ်သည်။ ငွေနှိုးငါကို ဖြွမွှေးတင် စေ၍သုံးဆောင်လျှင်၊ ပါရာဇိကဖြင့် ဆုံးဖြတ်အပ်သည် ဟုလာသည်ကိုပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီ ဓမ္မ။

၁၀။ ထိုးကွင်းခါးလှည့် လက်ဖွဲ့ အင်းအိုင် ထားပြီး လှံပြီးစသော အတတ်မျိုးသည်' မဂ်ဖိုလ်မှ ဘီလာ။ တိရစ္ဆာနဝိဇ္ဇာ လောကာယတ ကျမ်း၌ အကျုံးဝင်သောကြောင့်၊ ရဟန်းတို့မပြုမကျင့်အပ်သည်ကို ကျင့်ခြင်းဟူသောအလဇ္ဇီဓမ္မ။

၁၁။ ထိုအတတ်ကိုမှီ၍ ရသောပစ္စည်းတို့ကိုလည်း ရဟန်းတို့ မသုံးဆောင်ထိုက်ဘဲ၊ သုံးဆောင်ခြင်းဟူသောအလဇ္ဇီဓမ္မ။

၁၂။ အနာရောဂါမရှိဘဲ၊ ရထားပေါင်းချုပ် လှည်း၊ ထမ်းစင် သန့်လျင်း စသော ယာဉ်တို့ကို ရဟန်းတို့ မစီးအပ်သည်ဖြစ်လျက် စီးခြင်းဟူသောအလဇ္ဇီဓမ္မ။

၁၃ ခြေနာခြင်း၊ ခြေအသားစွန်းထွက်ခြင်း၊ အလွန်မြေကြမ်းခြင်း၊ အလွန်ပူခြင်းဟူသောအကြောင်းမရှိဘဲ ဘိနပ်စီးနင်း၍၊ မြို့တွင်းရွာတွင်းသို့ မဝင်အပ်ဘဲလျက် ဝင်ခြင်းဟူသောအလဇ္ဇီဓမ္မ။

၁၄။ အလုံးစုံမြူသောဘိနပ်၊ လူတို့အသုံးအဆောင်နှင့်တူသော၊ မဏာသာရုပ္ပမဖြစ်သော နီသောသည်းကြိုး၊ မည်းသောသည်းကြိုးတပ်သော ဘိနပ်တို့ကို ရဟန်းတို့အချင်းခပ်သိမ်း မစီးကောင်းဘဲလျက်၊ စီးခြင်းဟူသောအလဇ္ဇီဓမ္မ၊

၁၅။ ပြောက်ကြားသော သားမွေးဖြင့် ပြီးသော၊ သဘော်ကောဇော တချပ်ကော်ဇောတို့သည်၊ တရားဟောပလ္လင် ဆွမ်းစားဇရပ် အိမ်ခြံလူတို့ ခင်းသည်ကို ကြည့်၍ဘုမ္မတ္ထရဏာပြုလျက်ကပ္ပိယ အခင်းမခင်းဘဲ အိပ်ခြင်း ထိုင်ခြင်း၄၊ မအိပ်သည်ကိုလွန်ကျူးကျော်နင်းခြင်းဟူသောအလဇ္ဇီဝတ္ထု။

၁၆။ ကိုယ်ပူနာ၊ မျက်စိနာ၊ သည်းခြေနာစသောအနာဟူသော အကြောင်းမရှိဘဲ၊ ရဟန်းတို့ဦးမဆောင်းအပ်သည်ကို၊ ဆောင်းခြင်းဟူသော အလဇ္ဇီဝတ္ထု။

၁၇။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းနှင့်စပ်သော ဆိုင်းကချေသည်၊ ရုပ်သေး၊ ရုပ်စုံဇာတ်ပုံရေးစသော၊ အလုံးစုံသောသဘင်မျိုးတို့ကို မိမိပယောဂဖြင့်လည်း မသှဉ်စေအပ်။ ရာဂစသောကိလေသာပွားကြောင်းဖြစ်သော ကုသိုလ်အတွက်ကို ဖျက်ဆီးတတ်သောသာသနာတော်၏ဆန့်ကျင်ဘက်၊ ဆူးငြောင့်သဘွယ်ဖြစ်သောသဘင်ခံခြင်း၊ ဘာရတ၊ မင်းစသည်ကိုပြောဟော နှာခံခြင်း လက်ခုပ်တီးခြင်း၊ စည်ပုက်တီးခြင်း၊ အိုးစည်တီးခြင်း၊ ကချေသည်တို့ကိုကစေခြင်း၊ သံချောင်းကစားခြင်းအရိုးဆေးကစားခြင်း ဝါးထောင်ကစားခြင်း။ ဖဲရိုက်၊ အံခတ် စစ်တုရင် ဆင်တိုက်၊ မြင်းတိုက်၊ ကျွဲ၊ နွား၊

ဆိတ်၊ သိုး၊ ခါ၊ ကြက်တိုက်ခြင်းကျည်းသားရိုက်၊ တုတ်
ပေါက်လက်ဝှေ့သတ်ကစားခြင်း၊ စစ်ထိုးခြင်း၊ ဗိုလ်ရေ
တွက်ကစားခြင်း၊ စစ်သည်စုခြင်း၊ ဆင်မြင်းရထားခြေ
သည်တို့ကိုကြည့်ရှုခြင်း၊ မီးဖြူမီးဝါစသော မီးမျိုး၊ မီးပ
တုန်းစသောမီးရှူးမျိုး၊ မီးအိမ်ပြန်တုံးရှို့ပြောက်ခွဲစ
သောအလုံးစုံသောအရှုသည်၊ ဝိသုကဖြစ်၍ရဟန်းတို့
မအပ်မစပ်သောအရှုကိုလျက်၊ လွန်ကျူး ကျော်နင်း
ပြုလုပ်ငြိရင် ကြည့်ရှုနားထောင်ခြင်းဟူသော အလဇ္ဇီ
ဓမ္မ။

၁၈။ ဖြစ်နားရဟန်းတို့သည်လှော်လှေလှော်လောင်း
ပြုပြင်၍ ကစား လိုသောစိတ်ဖြင့် ထိုမှဤမှ မသွား
လာအပ်သည်ကို သွားလာခြင်းဟူသော အလဇ္ဇီဓမ္မ။

၁၉။ ယာဝဇီဝကဖြစ်သော ကွမ်းဆေးတို့ကို နေ
လွဲအခါ အနာဟူသောအကြောင်းမရှိဘဲ သုံးဆောင်
ခြင်း၌ အကပ်ခံခြင်း၌ရင်း။ မျိုတိုင်း မျိုတိုင်း ၌ရင်း။
ဝိကာလဘောဇနသိက္ခာပုဒ်၏ အန္တရာပတ်ဖြင့်၊ ဒုက္ကဋ်
အာပတ် သင့်သည်၊ ယာမနဲ့နေ့၌၊ အကပ်ခံပြီးသော
ကွမ်းဆေး တို့ကို နံနက်အခါ၌ အနာ ဟူ သော
အကြောင်းမရှိဘဲအာဟာရအလို့ငှာခံယူခြင်းမျိုခြင်း
တို့၌သန္နိဓိကာယာသိက္ခာပုဒ်၏ အန္တရာပတ်ဖြင့်ဒုက္ကဋ်

အာပတ်သင့်သည်၊ ထိုကွမ်း ဖတ်၊ ဆေးဖတ်၊ ကွမ်းသီး ဖတ်၊ မကောင်းသောခံတွင်းဖြင့်ဆွမ်းစသော အာမိသကို စားသောအခါ၊ မျိုတိုင်းမျိုတိုင်းသန္နိဓိပါစိတ်အာပတ် သင့်သည်၊ ဆွမ်းစားပြီးအာမိသမကောင်းသောခံတွင်းဖြင့် ကွမ်းဆေး တို့ကိုသုံးဆောင် သောအခါတို့၌လည်း မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ် အာပတ် သင့်သည်၊ နေလွဲအခါ ယမန်နေ့က၊ အကပ်ခံပြီးသောကွမ်းဆေး တို့ကို။ အနာဟူသော အကြောင်းမရှိဘဲ သုံးဆောင် ခြင်းငှာခံယူရာ။ မျိုတိုင်းမျိုတိုင်းတို့၌ ဝိကာလဘော ဇန သိက္ခာပုဒ်၊ သန္နိဓိကာရသိက္ခာပုဒ်၊ နှစ်ပါးတို့ဖြင့် ဒုက္ကဋ် အာပတ်-၂-ချက်သင့်သည် ဖြစ်၍ ယမန်နေ့က အကပ်ခံအပ်သော ကွမ်းဆေး တို့ကို၊ အကြောင်းမဲ့ အချင်းခပ်သိမ်း မသုံးဆောင်အပ်။ ထိုနေ့အကပ်ခံအပ် သောကွမ်းဆေးတို့ကိုနေလွဲအခါ။ အကြောင်းမဲ့ မသုံး ဆောင်အပ်သည်ကို သုံးဆောင်ခြင်းဟူသော အလဇ္ဇီ ဓမ္မ။

၂၀။ ဦးခေါင်းပူနာ၊ ကုပ်ဟီးချောင်းဆိုးကြီးအနာ၊ ထိပ်ခတ်နာဟူသော အကြောင်းမရှိဘဲ၊ အခိုးတံဆေး လိပ်တို့ကို မသောက်မရှူအပ်၊ ယမန်နေ့ကအကပ်ခံ အပ်သောအခိုးတံဆေးလိပ်၊ ထိုနေ့အကပ်ခံအပ်သော

အခိုးတံ ဆေးလိပ်တို့ကို သောက်ရှုသော ရဟန်းအား ကွမ်းဆေး၌ဆိုအပ်ခဲ့ပြီးသည့်အတိုင်းအာပတ်သင့်သည်ကိုမရှောင်မကြဉ် ပြုကျင့်ကျူးလွန်ခြင်းဟူသောအလဇ္ဇီဓမ္မ။

၂၁။ ထင်ရှားရှိသောရဟန်းကို မပန်မကြားမူ၍ ရှောင်တခင်ပြုအပ်သော ကိစ္စမရှိဘဲ၊ နေလွဲအခါ မြို့တွင်းရွာတွင်းသို့မဝင်အပ်သည်ကို၊ ဝင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

ဤသို့စသဖြင့် အလဇ္ဇီအဖြစ်ကို ပြုတတ်သော။ သိက္ခာပုဒ်တို့ကို၊ လေးစားမမူ၊ သဗ္ဗညုဘုရား၊ ရွှေမျက်နှာတော်ကိုမထောက်မထွာ၊ တသက်လျာမျှ။ လာဘ်ပူဇော် သက္ကာရကိုငဲ့၍။ ရဟန်းကောင်းတို့၏ အသွင်အပြင်အဝတ်အဆင်းကား၊ အရဟတ္တဓဇ၊ မြတ်သောအဝတ်။ အကျင့်ကား။ သာသနာတော်၏၊ ဆူးငြောင့်ခလုတ်။ ယုတ်မာလှသောအကျင့်ဖြစ်၍ သာသနာတော်ကိုဖျက်ဆီးတတ်သော၊ အလဇ္ဇီပုဂ္ဂိုလ်တို့ကိုအားပေးအားမြှောက် ပူဇော်ဒါန်းယူကြလည်း၊ အလဇ္ဇီနှင့် ပေါင်းဘက်၍ သာသနာတော်ကို ဖျက်ဆီးသည်မည်လေသောကြောင့်အမိန့်တော်ပါရှိသည့် အလဇ္ဇီဓမ္မတို့ကို။ လွန်ကျူးကျော်နင်း၍ ကျင့်သော အလဇ္ဇီ

ပုဂ္ဂိုလ်တို့ကို၊နေပြည်တော် နိုင်ငံတော်မြို့ကျေးရွာနေ၊ လူတို့မကိုးကွယ်၊ မလှူဒါန်းကြစေနှင့်၊မြို့ရှင်ရွာရှင်တို့က မြို့ရွာနေလူအပေါင်းတို့ကို နှိုင်နင်းအောင်တားမြစ်စေ၊ကိုးကွယ်ရင်းဖြစ်၍ ကိုးကွယ်လိုလျှင်ဗဲလဋ္ဌိခမ္မကိုစွန့်စေ၍အပြစ်အားလျော်စွာ ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုးကွယ်လှူဒါန်းမြဲ၊ လှူဒါန်းစေ၊ အလဇ္ဇီပုဂ္ဂိုလ်မှန်းသိလျက်၊ အမိန့်အာဏာတော်ကို မတည်၊ ကိုးကွယ်လှူဒါန်းအားပေးအ းမြှောက်ပြု၍ သာသ နာတော်ကို ဖျက်ဆီးသူတို့ကို၊ အများ ကြောက်ရွံ့၍ သာသနာတော်ဘေးရန် ကင်းငြိမ်းအောင်တင်းတင်းကြပ်ကြပ်၊ ဝန်တို့က စီရင်၊ထီးရန်နန်းရန် စော်ဘွားစော်ခံ မြို့ဝန်မြို့စားသူကြီးများတို့ကို၊ စေ့နှံ့အောင်ပြန်ဆိုမှာထားစေ၊ ။၁၂၁၇ ခု တပို့တွဲလဆန်း ၁၀ ရက်နေ့နန်းခံတော်မင်းတင်။ ရာဇသီဟသူပြန်အမိန့်တော်။

* * *

## စိရံတိဋ္ဌတု သဒ္ဓမ္မော

သဒ္ဓမ္မော၊ ဘုရားဟောတော်အပ်သော၊ သူတော်ကောင်းတို့၏ တရားတော်သည်၊ စိရံ၊ မြင့်ရှည်စွာသောကာလပတ်လုံး တိဋ္ဌတု၊ တည်ပါစေသတည်းဟု စေတနာရှေ့ထား၍၊ ကူးယူပုံရိုက်ပြီးလျှင်လှူဒါန်းခြင်း ဖြစ်ပါသည်။ ၎င်းစာအုပ်သည် မြတ်စွာဘုရားဟောတော်မူသည့်အတိုင်းကို၊ ရဟန်းရှင်လူတို့အား မှားသောလမ်း အပါယ်လေးပါးသို့ မလားမရောက်စေခြင်းငှာ၊ မှန်သောလမ်းကောင်းလမ်းမြတ်သို့ ဖြောင့်ဖြောင့် တန်းတန်းနှင့်သွားလာနိုင်၍ နိဗ္ဗာန်မဂ်ဖိုလ်သို့ လျှင်မြန်စွာ ရောက်ပါစေခြင်းအကျိုးငှာ၊ ကောင်းမြတ်သောစိတ်ထားဖြင့် လှူဒါန်းခြင်းဖြစ်ပါသည်။ ၎င်းစာအုပ်ကို ဘတ်ရှုသောသူတို့၏စိတ်၌ နှစ်ခြိုက်သည် မနှစ်ခြိုက်သည်မှာ၊ လှူဒါန်းသူ၏ တာဝန်မဟုတ်ပါ၊ မိမိတို့၏ စိတ်သာလျှင် ပဓာနဖြစ်ပါသည်။

ရဟန်းရှင်လူတို့သည်၊ ဗုဒ္ဓဘာသာ ဖြစ်ကြသည့်အားလျော်စွာ မြတ်စွာဘုရား၏ တရားတော်အတိုင်း လိုက်နာ ဆောင်ရွက် သင့်ကြပေသည်၊ လိုက်နာ ဆောင်ရွက်ကြပါကုန်လော။

သူတော်ကောင်းအပေါင်းတို့—

# သာသနဝိသောဓနီကျမ်း ။

နမော-တဿဘဂဝတော-အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊

အလဇ္ဇိ ဒုဿီလပါပ ဘိက္ခုတို့ကို အလှူပေးသောသူတို့အား၊ အကျိုးရသင့်-မရသင့်၊ ငရဲလားသင့်—မလားသင့်ကို၊ မုချသိလိုပါသည်ဟု မေးသောအမေး၌၊ ၊ကုလဒူသကော တိပုပ္ဖပ္ဖာဝုဓ္ဓ ဖလဒါနာဒိဟိမဂ္ဂဖလ နိဗ္ဗာနာဒီနံ မဂ္ဂံပိဒဟနဝသေန ခဏ္ဍိယာဒိ ကုလံ ဒူသေ တိတိ ကုလဒူသကော၊ ။ ဝိနယဂဏ္ဌိကျမ်း၌ လာသည်။ ကုလဒူသကောတိ၊ ကုလဒူသကဟူ၍၊ ဝုတ္တတ္တာ၊ ဟောတော်မူသည့်၏ အဖြစ်ကြောင့်။ ယောဘိက္ခု။ အကြင်အလဇ္ဇိဒုဿီလရဟန်းသည်။ တေသံ၊ထိုအမျိုးလေးပါးတို့၏၊မဂ္ဂဖလနိဗ္ဗာနာဒီနံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်အစရှိသည်တို့ကို၊ မဂ္ဂံ၊ ရောက်ခြင်း၏ အကြောင်းကို။ ပုပ္ဖဖလဒါနာဒိဟိ၊ ပန်းပေးခြင်း၊သစ်သီးပေးခြင်း အစရှိသော ယုတ်မာ

သောအကျင့်တို့ဖြင့်၊ ပိဒဟာနဝသေန၊ မရောက်ရအောင် ပိတ်ပင်တားမြစ်သည်၏ အစွမ်းအားဖြင့်၊ ခတ္တိယာဒိကုလံ၊ မင်းအစရှိသောအမျိုးလေးပါးကို၊ ဒူသေတိ၊ ဖျက်ဆီးတတ်၏။ ဣတိ၊ ထိုကြောင့်။ သောဘိက္ခု၊ ထိုရဟန်းသည်။ ကုလ ဒူသကော၊ ကုလဒူသကာ မည်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့်။ သစ်သီးပေးခြင်း။ ပန်းပေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ထမင်း အစရှိသော ခဲဘွယ်ဘောဇဉ်တို့ကို ကျွေးမွေးခြင်း၊ ကွမ်း,ဆေး တည်ခြင်း၊ နှုတ်ခွန်းဆက်ခြင်း၊ သူ့နာအိမ်သို့သွား၍ ကြည့်ရှုမေးမြန်းခြင်း အစရှိသော ယုတ်မာသောအကျင့်တို့ကို လွန်ကျူး ပြုကျင့်သောကြောင့်။ ကုလဒူသကာအဖြစ်သို့ ရောက်ကုန်သော ယုတ်မာသော အလဇ္ဇီရဟန်းတို့အား၊ လှူဒါန်းပူဇော်သော ဒါယကာ,ဒါယိကာမတို့အား မဂ်, ဖိုလ်, နိဗ္ဗာန်သို့ရောက်စေ တတ်သော မြတ်သောအကျိုးမရှိ၊ မရသည်သာဟု မှတ်ရမည်။ ။လောကီပမာ ဆိုသော်။ လယ်လုပ်ခြင်း၌ မလိမ္မာသော ယောကျ်ားသည်။ ကျတ်တိုး ကုံး

ခေါင်၌ အစိုက်များ၍၊ ရင်းစားမျှ မပြန်• သကဲ့သို့
တည်း။

ထိုမှ တပါလည်း၊ ၎င်းဝိနယဂဏ္ဌိ ကျမ်း၌။ ။
သစေပုပ္ဖလဒါနာဒိနာ အလဇ္ဇိနံ ဘိက္ခူနံ ဒါနာဒိနို
ဒေန္တိ၊ တေ သံ ဒါနာ နိသံသာ န မဟပ္ဖလာ
ဟောန္တိ။ ။ ဤသို့ မိန့် တော် မူ သည်။ ။ပုပ္ဖလ
ဒါနာဒိနာ၊ ပန်းပေးခြင်း၊သစ်သီး ပေးခြင်း အစရှိ
သည့် တို့ကြောင့်၊ အလဇ္ဇိနံ၊ အလဇ္ဇိ အဖြစ်သို့
ရောက်ကုန်သော၊ ဘိက္ခူနံ၊ ရဟန်းတို့အား၊ ဒါနာ
ဒိနို၊ အလှူအစရှိသည်တို့ကို၊ သစေဒေန္တိ၊ အကယ်
၍လှူကုန်သည်ဖြစ်အံ့ တေသံ၊ ထို အလှူဒါယကာ
တို့၏ ဒါနာနိသံသာ၊ အလှူ၏ အကျိုးတို့သည်၊ နမ
ဟပ္ဖလာ၊ မြတ်သော အကျိုးမရှိကုန်သည်၊ ဟောန္တိ၊
ဖြစ်ကုန်၏။ ။ ဤသို့ ကျမ်းဂန်လာသောကြောင့်၊
ပန်း ပေးခြင်း၊ သစ်သီး ပေးခြင်း၊ ကွမ်း, ဆေး
တည်ခြင်း၊ ယခုကာလ မလိမ္မာသော ရဟန်းတို့
သည်၊ ဥပုသ် ဆွမ်းကျွေးသည့် ဟူ၍၊ ဥပုသ်စောင့်
သော မိန်းမ, ယောကျ်ားတို့အား၊ ကျွေးမွေးခြင်း
ကိုပြု၍၊ မလိမ္မာသော မိုက်သောမိန်းမ, ယောကျ်ား
တို့အား၊ ဖြား ယောင်း လှည့်စား၍ လာဘ်များ

အောင်မြင်ကြသည်။ တိုသို့ ပြုကျင့်သော ယုတ်မာသော ရဟန်းတို့၏ ပါဝိဋ္ဌာ၊ ဇုဋ္ဌာပကာတ အကျင့်တို့ကို၊ ကိုယ်တွေ့မျက်မြင် ထင်ထင် ရှားရှား သိလျက်သားနှင့် မိုက်မှားသော သူတို့မှာ၊ တဏှာ စသော ကိလေသာတို့ဖြင့် ခြုံရုံ အပ်သောကြောင့်၊ ညစ်နွမ်း နည်းယုတ်သော ကုသိုလ်ကိုမူကား၊ ရတန်သေး၏ဟူ၍ ဆိုကြသည်။ ပညာဖြင့် ဆင်ခြင်လေ။ ။လောကီပမာဆိုသော်၊ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာကို အလိုရှိသော မလိမ္မာသော ယောကျ်ားသည်၊ သေတင်းကုပ် ရှိရာသို့ သွားသောကြောင့်၊ သေ၏အနံ့တို့ဖြင့် သင့်ခြင်း။ ကြမ်းတမ်း ယုတ်မာသောသူ၏၊ ဖရုသဝါစာ ဝစီ ဒုစရိုက်တို့ကို ကြားသဖြင့်၊ အကုသိုလ်လိမ်းကျံသကဲ့သို့တည်း။

ယောဘိက္ခု သဗ္ဗေသေတနိဝါရဏံ ကာသိကာရ ကရောတိ။ ဇူကာံဝဇ္ဇေတိ၊ နက္ခတ္တကမ္မံ ကရောတိ။ ဝေဇ္ဇကမ္မံကရောတိ။ သောဂိဟိနာမဟောတိ၊ ဇူမေ ပဉ္စဂိဟီနံ ဓမ္မံဒေသေန္တိ၊ တံ ဓမ္မံသုဏန္တာ သဒ္ဓါ အပါယဂါမိနော ဟောတိ။ ။ခုဒ္ဒကနိကာယ်ကျမ်း ၌ လာသည်။ ။ယောဘိက္ခု၊ အကြင် ရဟန်း

သည်၊ သမ္ဗုဒ္ဓသာသနာဝိဝါရကား၊ ဆိုးရေဖြင့် မှဲ့သိုးအပ်သော အလုံးစုံ ဖြူသော အဝတ်ကို ဝတ်၍။ သော ဘိက္ခု၊ ထိုရဟန်းသည်၊ ဂိဟိနာမ၊ လူမည်သည်၊ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ကသိကာရုံ၊ လယ်လုပ်ခြင်းကို၊ ကရောတိ၊ပြု၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဂိဟိနာမ၊ လူမည်သည်၊ ဟောတိ၊ဖြစ်၏၊ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာတ်၊ ရွှေ၊ ငွေ၊ အသပြာ မာသက စသောပစ္စည်းကို၊ ဝဖေတိ အတိုးရင်းပွား၊ ပေါက်ကားရောင်းဝယ်ပွားများစေ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဂိဟိနာမ၊ လူမည်သည်။ ဟောတိ၊ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်၊ နက္ခတ္တကမ္မံ၊ ပွဲသဘင်အမှုကို၊ ကရောတိ၊ပြု၏။ သောဘိက္ခု၊ ထိုရဟန်းသည်၊ ဂိဟိနာမ၊ လူမည်သည်၊ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်၊ ဝေဇ္ဇကမ္မံ၊ဆေးကုသောအမှုကို၊ ကရောတိ၊ပြု၏၊ သောဘိက္ခု၊ ထိုရဟန်းသည်၊ ဂိဟိနာမ၊ လူမည်သည်၊ ဟောတိ၊ ဖြစ်၏။ ဇာမေပဥ္စဂိဟိ၊ လူမည်သော ဤငါးယောက်သော၊ ရဟန်းတို့သည်၊ ဂိဟိနံ၊ လူတို့အား၊ဓမ္မံ၊ တရားကို ဒေသေန္တိ၊ ဟောကုန်၏။ တံ

ဓမ္မံ၊ ထိုတရားကို၊ သုဏန္တဿာပိ၊ နာသောသူအား လည်း။ အပါယ ဂမနံ၊ အပါယ်သို့ လားသည်။ ဟောတိ၊ ဖြစ်၏၊

ဤသို့ တရား ဟောတော် မူသော ကြောင့်။ လယ်လုပ်ခြင်း။ ကုန်သွယ်ခြင်း၊ ရွှေ-ငွေတို့ကိုသိမ်းဆည်းသိုမှီးခြင်း။ အတိုးရင်းပွား ချေးငှါးခြင်း။ ပွဲလမ်းသဘင် ပြုခြင်း။ ဗေဒင်ဟောခြင်း။ ဆေးကုခြင်း။ မျဉ်းပေါင်တလားလုပ်၍ သူသေတို့ကို ဝန်းဝိုင်းသည့်ပိုး၍ချခြင်း။ ပန်းကန် ခွက်ယောက် ဖျာ ရိုင်သင်ဖြူးအင်္ဂရှိသော အသုံးအဆောင်တို့ကို ငှားရမ်းခြင်းတည်းဟူသော။ အလဇ္ဇီဓမ္မ၊ ရွာတွင်းသို့ ဝင်သောအခါ။ သင်္ကန်းကို အဝန်းညီစွာ မဝတ် မရုံဘဲ သွားလာခြင်းတည်းဟူသော။ အလဇ္ဇီဓမ္မ၊ ရွာတွင်းသို့ ဝင်သောအခါ။ လေးတောင်ထက် လွန်၍ ထိုထိုအရပ်သို့ကြည့်ရှုခြင်း တည်းဟူသော အလဇ္ဇီဓမ္မ အစရှိသော ယုတ်မာသောအကျင့်တို့ကို။ လူကဲ့သို့ ပြုကျင့်သော ရဟန်းအလဇ္ဇီ ဒုဿီလတို့ကို။ သိလျက်-မြင်လျက်နှင့် အလှူပေးခြင်း။ တရားနာခြင်းတို့ကို ပြုသောလူတို့သည်။ ငကန်ပင် အပါယ်လေးပါးသို့လားရသည်ဟုမှတ်လေ၊

ထို့ကြောင့်၊ တကာ-တကာမတို့သည်၊ သိလျက်
မြင်လျက်နှင့် ထိမ်ဓုက်၍ ကိုးကွယ် ပူဇော်ခြင်းကို
မပြုရာ၊ ပြုလိုလျှင် လွန်ကျူးခဲ့သော အပြစ်တို့ကို၊
စင်ကြယ်အောင် ပြုပါဟု ဆိုဆုံးမ၍ စင်ကြယ်မှ
ကိုးကွယ်ပူဇော်ရာ၏။

ထို့ကြောင့်၊ လဇ္ဇီဖြစ်သော ရဟန်းတို့ကလည်း၊
လူတို့အား။ အလဇ္ဇီရဟန်းတို့ကို မချီးမြှောက်စေ
အပ်။ လူတို့အား၊ တရားဟောပါဟု၍မျှ မတိုက်
တွန်းအပ်။ တိုက်တွန်းချေလျှင်။ အကင်္ဂယ သမာ
ဒိန်ပတ္တိသောနမှ တိ ဟု။ ။ဗုဒ္ဓမတည်း၊ ဆရာ
မြတ်တို့ မိန့်ဆိုတော်မူသည်နှင့်အညီ၊ မအပ်သည်
ကို ဆောက်တည်စေခြင်းကြောင့်ဖြစ်သော အပြစ်
မှမလွတ်။ ထိုသို့မတိုက်တွန်းအပ်သော အကြောင်း
ကိုလည်း။ ။သစေပန လဇ္ဇီ အလဇ္ဇိံ ပ[illegible]
တိ၊ အနုမောဒနာယ အဇ္ဈေသတိ၊ ဓမ္မကထာယ
အဇ္ဈေသတိ။ ကုလေသု ဥပထမ္ဘေတိ။ သာသနံဩ
သက္ကာပေတိ အနုရက္ခပေတိ။ ။သာရတ္ထ ဒီပနီ
ဋီကာကျမ်း၌ မိန့်ဆိုတော်မူသည်။ ဝိနည်းသင်္ဂဟ
ကျမ်း၌လည်း မိန့်ဆိုတော်မူသည်။ ။ပန၊ အလဇ္ဇီ

ကို မှီ၍ဖြစ်သော အပြစ်ကို ဆိုအံ့။ လဇ္ဇိဘိက္ခု၊ လဇ္ဇီ ဖြစ်သော ရဟန်းသည်။ အလဇ္ဇိံ ဘိက္ခုံ၊ အလဇ္ဇီဖြစ်သောရဟန်းကို၊ သစေ ပဂ္ဂဏှာတိ၊ အကယ်၍ ချီးမြှောက်အံ့။ အနုမောဒနာယ၊ လူတို့အား တရားဟောစေခြင်းငှာ။ သစေ အဓေ သတိ အကယ်၍ တိုက် တွန်း သည် ဖြစ်အံ့။ ဓမ္မ ကထာယ ဘာသာစကား ဟောပြောစေခြင်းငှာ၊ သစေ အဇ္ဈေသတိ၊ အကယ်၍ တိုက်တွန်းသည်ဖြစ်အံ့၊ ကုလေသု၊ ဒါယကာတို့၌။ သစေ ဥပတ္ထမ္ဘေတိ၊ တရားဟောခြင်းပစ္စည်းစသည်ဖြင့်၊ အကယ်၍ထောက်ပံ့စေအံ့။ သာသနံ၊ သာသနာတော်ကို။ ဩသက္ကာပေတိ၊ ရေစေသည်မည်၏။ အန္တရဓာပေတိ၊ ကွယ်စေသည်မည်၏။ ။ဤသို့ကျမ်းဂန်လာသောကြောင့်။ ဆိုခဲ့ပြီးသော သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဆေးကုခြင်း၊ မြွေ-ခွေးတို့ကိုသိမ်းဆည်းခြင်း၊ ပွဲလမ်းသဘင်ပြုခြင်း၊ အနုဒူတဘာဇပါး၊ ကျောင်းသို့ ရောက်လာသောသူတို့အား၊ ကျူးမွေးခြင်းအစရှိသော သိက္ခာပုဒ်တော်ကို၊ မရိုမသေလွန်ကျူး၍ပြုသော အလဇ္ဇီဒုဿီလရဟန်းတို့ကို အလေ့ခင်ပွန်းပြု၍ ဆည်းကပ် ကိုးကွယ်မှီခို၍ နေသော ရဟန်းရှင်လူတို့

သည်၊ အပါယ်လေးပါးမှမလွတ်နိုင်ရာဟုံ မှချပင် မှတ်လေ။

လောကီပမာဆိုသော်၊ သမုဒ္ဒရာ တဘက်ကမ်း သို့ ကူးခတ်လိုသောသူသည်၊ ရွက်ကြိုး တန်ဆာစုံ လင်စွာ ခိုင်လုံစွာသော လှေ သင်္ဘောသို့ တက်၍ သင်္ဘော၌ လိမ္မာသော သင်္ဘောသူကြီးကိုမှီ၍ ကူး ရမည်ကို ရွက်ကြိုးတန်ဆာ မစုံလင်သော လှေအို လှေဆွေးသို့တက်၍၊ သင်္ဘောလမ်းကိုမျှ မသိသော အလွန်မိုက်သော သင်္ဘောသူကြီးကို မှီ၍ကူးသော ကြောင့်၊ ကမ်းတဘက်သို့မရောက်နိုင်ဘဲ၊ သမုဒ္ဒရာ အလယ်၌ပျက်စီး၍ ဆင်းရဲကြီးစွာ ရောက်သကဲ့သို့ တည်း။

လူတို့သည်၊ ဆိုခဲ့ပြီးသော အလဇ္ဇီရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ပရိသတ်အလယ်၌ ချီးမွမ်းချီးပ၍ မပြောမဆိုအပ်၊ ပြောဆိုချေလျှင် ဘုရားသာသနာ တော်ကို ရှေစေ ကွယ်စေသည့် မည်၏။ မည် ကြောင်းကိုလည်း။ ၊ဣတရောပိ အမှာကံ အာစ ရိယော ဣဒိသော စ ဣဒိသော စာတိ တ ပရိသတိ ဝဏ္ဏံ၊ ဘာသတိ၊ အသံသာသနံ ဩသက္ကာပေတိ အနု ရ ... ပေ တိ တိ ဝေဒိတဗ္ဗော ။သာရဏ

ဒီပနီ ဋီကာကျမ်း၌ လာသည်။ ။ဉာတရောပိ၊ ရဟန်းတို့မှ တပါးသောလူသည်လည်း။ အမှာကံ၊ ငါတို့၏။ အစရိယော၊ဆရာသည်။ ဤဒိသောစ၊ ဤဒိသောစ၊ ဤသို့သော ဤသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏။ ဉာတိ၊ ဤသို့တသာ၊ ထိုအလဇ္ဇီရဟန်း၏၊ ဝဏ္ဏံ၊ကျေးဇူးကို။ ပရိသတိ၊ ပရိသတ်၏ အလယ်၌၊ဘာသတိ၊ ချီးမွမ်းချီးပ၍ပြောဆို၏ အယံ၊ ဤသို့ ပြောဆိုသော သူသည်၊သာသနံ သာသနာတော်ကို။ ဩသက္ကာပေတိ၊ ရွေ့စေသည် မည်၏။ အန္တရဓာပေတိ၊ ကွယ်စေသည်မည်၏၊ ဣတိ၊ ဤသို့၊ဝေဒိတဗ္ဗာ၊ သိအပ်၏။ ။ဤသို့ ကျမ်းဂန်အဟန်တန်လာသည်ကို ထောက်၍၊ သံသရာဘေးကို ကြောက်တတ်ကုန်သော သူတော်ကောင်းတို့သည်၊ အလဇ္ဇီဒုဿီလရဟန်းတို့၏ လွန်ကျူးသော ဒုရာဇိဝ အကျင့်တို့ကို သိမြင်ချေသော်။ အဆိပ် ထန်သော မြွေပွေး မြွေဟောက်ကို ရွံ့ကြောက် သကဲ့သို့။ ရွံ့ကြောက်ကြလေ။

အချို့သော သူတို့ကလည်း။ ရဟန်း တို့သည် ကုလဒူသကမကောင်း၊ မတရားသဖြင့်ရသော ပစ္စည်း ရွှေ-ငွေ တို့ဖြင့် လဲလှယ်၍ရသော သင်္ကန်း ဆွမ်း ကျောင်း အစရှိသော ပစ္စည်းတို့ကို သုံးဆောင်မှုဲ သော ရဟန်းတို့သည်၊ ခိုး၍ သုံးဆောင်ခြင်း မည် သည်ဟု ဆိုကြပါသည်၊ သူခိုးဖြစ်သင့်—မဖြစ်သင့် ကိုလည်း သိလိုပါသည်ဟူသောအမေးနှင့်။ ၊တတ္ထ သံဃမဇ္ဈေနိသိဒိတွာ ပရိဘုဉ္ဇန္တဿ ဒုဿီလဿ ပရိဘောဂေါ ထေယျ ပရိဘောဂေါနာမ၊ ၊ဝိသုဒ္ဓိ မဂ် အဋ္ဌကထာကျမ်းနှင့် လာသည်၊ ။သာရတ္ထ ဒီပနီဋီကာကျမ်းနှင့် များစွာမိန့်ဆိုတော်မူသည်။ ။ တတ္ထ၊ ထိုလေးပါးသောပရိဘောဂတို့တွင်၊ သံဃ မဇ္ဈေ၊ သံဃာ၏အလယ်၌၊ နိသိဒိတွာ၊ နေ၍။ပရိ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော၊ ဒုဿီလဿ၊ အလဇ္ဇီ ဒုဿီလရဟန်း၏၊ ပရိဘောဂေါ၊ သုံးဆောင်ခြင်း သည်၊ ထေယျပရိဘောဂေါနာမ၊ ခိုး၍သုံးဆောင်ခြင်း မည်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ကုလဒူသက အနေသနမကောင်း ရွှေ—ငွေ စ သော အကပ္ပိယဘဏ္ဍာ တို့ကို သိမ်းဆည်းသိုမှီးသော အလဇ္ဇီ ဒုဿီလ ရ

ဟန်းတို့သည်၊ ပစ္စည်းတို့ကိုလည်းအလှူ မခံထိုက်။ မအပ်သဖြင့် ရသော ပစ္စည်းတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းငှာမထိုက်၊ ထိုသို့ မထိုက်သောပစ္စည်း တို့ကိုသုံးဆောင်ချေသော်၊ ခိုး၍စားသည်မည်ကြောင်း ကို၊ ကျမ်းဂန်တို့၌ အတတ်လာသည်။ ထို့ကြောင့် သူခိုးနှင့်တူသော အလဇ္ဇီ ဒုဿီလရဟန်း တို့အား ပစ္စည်းလေးပါးကိုအလှူခံစေဟူ၍ ငါဘုရား ခွင့်ပြုတော်မမူ၊ အလှူပေးသော ဒါယကာတို့အား လည်း ဒုဿီလရဟန်းတို့ကို လှူစေဟူ၍ ငါဘုရား ခွင့်ပြုတော်မမူ။

ထိုသို့ ခွင့်ပြုတော်မမူသော အကြောင်း ကို လည်း။ ။ဘဂဝတော အတ္တနော သာသနေသီလ ဝတောဝေ ပစ္စယာအနုညာတာန ဒုဿီလဿ ပစ္စ ယဒါယကာနမ္ပိ သီလဝတောဝေ ပရိစ္စာဂေါ အနုညာတော န ဒုဿီလဿ ဟု၊ ။သာရတ္ထ ဒီပနီ ဋီကာ၌ မိန့်ဆိုတော် မူသည်။ ။ဘဂဝတော၊ မြတ်စွာဘုရားသည်။ အတ္တနော၊ ကိုယ်တော်၏။ သာ သနေ၊ သာသနာတော်၌။ သီလဝတောဝေ၊ သီလ နှင့်ပြည့်စုံသော ရဟန်းအား သာလျှင်။ ပစ္စယာ၊ ပစ္စည်းလေးပါးတို့ကို၊ အနုညာတာ၊ ခွင့်ပြုတော်

မူကုန်၏။ ဒုဿီလဿ။ သီလမရှိသော အလဇ္ဇီဒုဿီ
လ ရဟန်းအား။ နအနုညာတာ၊ ခွင့်ပြုတော်မမူ။ ပစ္စ
ယဒါယကာနမ္ပိ၊ ပစ္စည်းလေးပါးကို လှူသော ဒါယ
ကာတို့အားလည်း၊ သီလဝတော၊ သီလနှင့်ပြည့်
စုံသော ရဟန်းအားသာလျှင်။ ပရိစ္စဂေါ၊ ပစ္စည်း
လေးပါးတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းအပ်၏ ဟူ
၍၊ သနုညာတော၊ ခွင့်ပြုတော်မူအပ်၏၊ ဒုဿီလဿ၊
သီလမရှိသော အလဇ္ဇီဒုဿီလရဟန်းအား၊ နအနု
ညာတော၊ ခွင့်ပြုတော်မမူ။

ဤသို့ကျမ်းဂန်တို့၌ များစွာ မိန့်ဆိုတော်မူသော
ကြောင့်၊ အလဇ္ဇီဒုဿီလ ရဟန်းတို့သည် ပစ္စည်း
လေးပါးကို မခံထိုက်။ ခံချေသော် ခိုး၍ ယူသည်
မည်၏။ ဒါယကာတို့လည်း။ အလဇ္ဇီဒုဿီလရဟန်း
တို့အား၊ သံသရာဘေးကိုမမြော်ဘဲ၊ ပစ္စုပ္ပန်၌ အ
နည်းငယ်သော ကျေးဇူးကိုငဲ့၍၊ သိလျက်-မြင်လျက်
နှင့်မပေးမလှူရာ၊ ဒေသနာများစွာလာရှိသည်ကို မနာ
မခံ ငြင်းဆန်၍လှူသောသူတို့မှာ ငရဲဘေးကို ငွေပေး
၍ ဝယ်သကဲ့သို့ရှိချေသည်။

အလဇ္ဇီဒုဿီလတို့၏ အလှူခံခြင်း သုံးဆောင်
ခြင်းသည်၊ ခိုးခြင်း အဘယ့်ကြောင့် မည်သနည်းဟူ

ဆိုပြားအံ့။ ။အဋ္ဌနောကာရဏံ မဟာပ္ဖလဘာ ဝဿ ပစ္စာသီသနတော။ ဉာတိသဉ္ဉာယ အနုညာ တတ္တာဒါယကေဟိ အပရိစ္ဆိန္နတ္တာ ဒုဿီလဿ ပရိဘောဂေါ ထေယျပရိဘောဂေါနာမ။ ။၎င်း သာရတ္ထ ဒီပနီဋီကာကျမ်း၌ လာသည်၊ ။တော၊ ထိုအလှူပေးသော ဒါယကာတို့သည်။ အဋ္ဌနော ကာရဏံ၊ မိမိတို့သည် ပြုအပ်သော ကုသိုလ်ကောင်း မှုတို့၏။ မဟပ္ဖလဘာဝဿ၊ ကြီးမြတ်သော အကျိုး ရှိသည်၏အဖြစ်ကို။ ပစ္စာသိသနတော၊ တောင့် တ သည် ၏ အဖြစ်ကြောင့် လည်း ကောင်း၊ ဉာတိ ဉာမိနာကာရဏေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အလဇ္ဇီ ကို မချီးပင့်အပ်၊ လဇ္ဇီကိုသာချီးပင့်အပ်၏ဟူသော အ ကြောင်း အရာ အားဖြင့်၊ သဉ္ဉာယ၊ မြတ်စွာဘုရား သည်၊ အနုညာတတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒါယကေဟိ၊ ဒါယ ကာတို့သည်၊ အပရိစ္ဆိန္နတ္တာ၊ မစွန့်မလှူအပ်သည် ၏ အဖြစ်ကြောင့်လည်းကောင်း။ ဒုဿီလဿ၊ သီလ မရှိသော အလဇ္ဇီဒုဿီလရဟန်း၏၊ ပရိဘောဂေါ၊ သုံး ဆောင် ခြင်း သည်၊ ထေယျပရိဘောဂေါနာမ၊ ခိုး၍ သုံးဆောင်သည်မည်၏။

ဤသို့စသည်ဖြင့်၊ မြတ်စွာဘုရား အလိုတော်ကို သိသော ဗုဒ္ဓမတညှ ဖြစ်တော်မူသော ရဟန္တာ အရှင် ဗုဒ္ဓဃောသ စသော မထေရ်မြတ်တို့သည်၊ ရဟန်း,ရှင် သူတို့အား သနားတော်မူသောကြောင့်၊ ကျမ်းဂန်အတန်တန် ဟောတော်မူချေသည်။ သင်္ဃာ တော်တို့သည် ငါတို့ကိုမှီ၍၊ ဒါယကာ ဒါယိကာမ တို့သည်လည်း၊ အပါယ်လေးပါးသို့ မလားရာဟု ကြိုးစား၍၊ သီလသိက္ခာပုဒ်ကို စောင့်ထိန်းတော်မူ ကြပါကုန်။

==o==

မအပ်သော ရှာမှီးခြင်းဖြင့်ရသော ပစ္စည်းတို့ကို သုံးဆောင် စားသောက် သမျှပင် အပါယ် လား ရာသည်ဟု ဆိုကြပါသည်။ စားစား သမျှပင် အပါယ် လားသင့်သည်—မလားသင့်သည်ကို အသေ အခြာ မှတ်သားလိုပါသည်ဟူသော အမေး၌။ ။ ဣဒ္ဒပန္န အကပ္ပိယံ၊ အဓမ္မေန ဥပ္ပန္နံ ဘောဇ ဇနံ့ရုဒ္ဒပရိ ဘုတ္တာနံ အနေကာနိ အတ္တဘာဝေန ဝဿသတသ ဟဿာနိ အပါယေသွေဝ နိဗ္ဗတ္တိဿန္တိ ။ ဟုဋီကာ

ဂဏ္ဍိကျမ်း၌ လာသည်။ ။ရုဒံပန၊ ဤပဋ္ဌည်းသည်ကား၊ တုမှာကံ၊ သင်တို့အား၊ အကပ္ပိယံ၊ မအပ်သောဝတ္ထုတည်း။ အဓမ္မေန၊ မတရားသဖြင့်၊ ဥပ္ပန္နံ၊ ဖြစ်သော၊ ရုဒံ ဘောဇနံ၊ ဤအစာကို၊ ပရိဘုဉ္ဇာနံ၊ စားကုန်သော သူတို့အား၊ အနေကာနိ၊ များစွာကုန်သော၊ အဋ္ဌဘာဝေန၊ ကိုယ်၏အဖြစ်ဖြင့်၊ ဝဿသတသဟဿာနိ အနှစ်တသိန်းတို့ပတ်လုံး၊ အပါယေသွေဝ၊ အပါယ်လေးပါးတို့၌သာလျှင်၊ နိဗ္ဗတ္တိဿန္တိ၊ ဖြစ်ကုန်လတံ့သတည်း။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တယောက် မကောင်းကျင့်သည် ရှိသော်၊ မတရားသဖြင့်ရသော ဆွမ်း ကွမ်း စသော ပစ္စည်းတို့ကို မှီခို စားသောက်သော တပည့် သား မြေး ဆွေသား မျိုးသား တကာ တကာမ တို့နှင့် တကွ၊ အပါယ်သို့ လားရမည် မုချ မှတ်လေ။ ။ထို့ကြောင့် သံဃာတော် မြတ်တို့သည် မိမိကိုယ်ကိုလည်း အပါယ်သို့မလားရအောင်။ မှီခို၍ စားသောက်သောတပည့်သားမြေး ဆွေသားမျိုးသား တကာ တကာမတို့လည်း အပါယ်သို့ မလားရအောင်၊ သိက္ခာပုဒ်တော်ကို ရိုသေစွာကြိုးစား၍ အားထုတ်တော်မူကြပါကုန်၊

တကာ တကာမတို့လည်း၊ သိလျက်-မြင်လျက်နှင့် ထိမ်ဖက်၍ မကိုးကွယ်ရာ၊ ကိုးကွယ်ချေသော် ငရဲသို့ လားရမည်၊ ဥပမာကား၊ ယခုကာလ မုဆိုး တံငါ စသော ဒုဿီလပုဂ္ဂိုလ်တို့သည်၊ အခဏ္ဍိယသဒ္ဓ ဖြစ်သောအခဲသားငါးစသောပစ္စည်းတို့ကိုသားသမီးစသော ဆွေမျိုးတို့သည် ဝမ်းမြောက်ဝမ်းသာ စားသောက်ကြသောကြောင့်၊ သားမယားဆွေမျိုးတို့နှင့် တကွ ငရဲလားသကဲ့သို့တည်း။ ဝမ်းမမြောက်ပါဟုမဆိုသာ၊ အဘယ့်ကြောင့်နည်း၊ အခဲသားငါး မပါသော်၊ သားမယားတို့မျက်နှာမရွှင်ဖြစ်၏။ ဆရာ၌ ထိုက်ပါသော ပစ္စည်းကိုသူတပါးတို့ အနိုင်အထက် ယူချေသော် တပည့်သားမြေးတို့မျက်နှာမရွှင်ဖြစ်၏။ ထို့ကြောင့် ကောင်းပင် ဝမ်းမြောက်သည်ဟုမှတ်ရာ၏။

===o===

အချို့သောသူတို့က။ လဇ္ဇီ အလဇ္ဇီဟု မရွေး မချယ်အပ်၊ ရွေးချယ်၍လှူသော်အကျိုးမရ၊ မရွေးချယ်ဘဲ လှူမှ အကျိုးရသည်ဟု ဆိုကြပါသည်။ ရွေးချယ်၍ လှူ၊သင့်- မ၊လှူ၊သင့် ကို၊လည်း သိ၊လို၊ပါ

သည်ဟူသော အမေး၌။ ။ရွေးချယ်၍ လှူသော် အ
ကျိုးမရဆိုခြင်းသည် ဆိုသောသူ၏ မသိခြင်းမျှသာ
ဖြစ်သည်။ရွေးချယ်၍ လှူသင့် ကြောင်းကို၊ ။ဝိစေ
ယျဒါနံဒါတဗ္ဗံ ယတ္ထဒိန္နံ မဟပ္ဖလံ ဝိစေယျဒါနံဒတွာန၊
သဂ္ဂံ ဂစ္ဆန္တိဒါယကာ၊ ။ဝိစေယျဒါနံသုဂတပ္ပသတ္ထံ
ယေဒက္ခိဏေယျာ ဣဓဇီဝလောကေ၊ ဧတေသု ဒိန္နာနိ
မဟပ္ဖလာနိ၊ဗီဇာနိဝုတ္တာနိယထာသုခေတ္တေ။ ။ဤသို့
အစရှိသည်ဖြင့် ပေတဝတ္ထု၌အင်္ကုရနတ်သားအား၊
ဘုရားဟောတော်မူချေသည်။ ။ဒေဝပုတ္တ၊ နတ်သား။
ယတ္ထ၊ အကြင်ပုဂ္ဂိုလ်အား၊ ဒိန္နံ၊ ပေးလှူအပ်သော
အလှူသည်၊ မဟပ္ဖလံ၊ များပြတ်သောအကျိုးရှိ၏၊ တတ္ထ
ထိုပုဂ္ဂိုလ်အား၊ ဝိစေယျ၊ ရွေးချယ်၍၊ ဒါနံ၊ အလှူကို။
ဒါတဗ္ဗံ ပေးလှူအပ်၏၊ ဝိစေယျ၊ ရွေးချယ်၍၊ ဒါနံ၊ အလှူ
ကိုဒတွာန ၊ပေးလှူသောကြောင့် ဒါယကာ၊ ပေးလှူ
တတ်သောဒါယကာတို့သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂစ္ဆ
န္တိ၊ ရောက်ကုန်၏။ ။ယေ၊ အကြင်သူတို့သည် ဒက္ခိဏေယျာ၊
ဖြစ်သောအလှူခံပုဂ္ဂိုလ်တို့ကို။ ဝိစေယျ၊ ရွေးချယ်၍။ ဒါနံ၊
လှူအပ်သော အလှူကို၊ သုဂတပ္ပသတ္ထံ၊ မြတ်စွာ
ဘုရား တို့ သည် ချီး မွမ်း တော် မူ အပ် ၏၊
ဣ ဓ ဇီ ဝ လော က၊ ဤ လူ ပြည် ၌။ သု ခေတ္တေ၊

ရေ မြေ ကောင်းသော လယ်၌၊ ဇာတိဝါနိ၊ စိုက်ကြဲအပ်သော မျိုးတို့သည်၊ ဝဍ္ဎာ နိ ယထာ၊ များစွာ သော အသီးအနှံ့တို့ကို ဖြစ်စေသကဲ့သို့။ တထာ၊ ထိုအတူ။ ဧဝံ၊ ထိုသို့ ရွေးချယ်စိစစ်အပ်သော မြတ်သောအလှူခံ ပုဂ္ဂိုလ်ဘို့၌၊ ဒိန္နာနိ၊ ပေးလှူအပ်သော အလှူတို့သည်၊ မဟပ္ဖလာနိ၊ များမြတ်သော အကျိုးရှိကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့အကျိုးနှင့်တကွ သားအား၊ ဘုရားဟောတော်မူသည်ကို ထောက်၍။ စင်ကြယ် လျောက်ပတ် များမြတ်သော အကျိုးကို အလိုရှိသော ပညာရှိတို့သည်၊ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်၍လှူအပ်သည်သာတည်း။

အကျိုးယုတ်မြတ်ကို မသိတတ်သော အသုတဇ္ဇနာ အန္ဓပုထုဇ္ဇန်တို့သည် ကြွေအန်လောင်းစား၊ ကစားပျော်ရွှင် သဘင်ပွဲလမ်းပြုလျက်။ ဥဇ္ဇုရ ကုန်ရောင်း မကောင်းသော အကျင့်အမှုဖြင့်၊ လှုလိုဖေါက်ကား၍။ အိမ်ခြားရွာလယ်မှာ။ လူငယ်တို့ အလေ့အလာ သွားလာ ပျော်ပါးခြင်းတည်းဟူသော အလဇ္ဇီမွေ၊ ရထား ပေါင်းချုပ်လှေယာဉ်၊ ထမ်းစင်သံလျှင်းတို့ကို စီးခြင်းတည်းဟူသောအလဇ္ဇီမွေ လှည်းနွားမွေးခြင်းဆင်စီး မြင်းစီးလှည်းစီးခြင်း တည်းဟူသော အလဇ္ဇီ မွေ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

မီး ဘုံး။ မီး ရှူး၊ မီး ပိတုန်း၊ ဓီး အိမ် ပျံ ပေါက်ခွဲခြင်း တည်းဟူသော အလဇ္ဇိဓမ္မ၊ အဆွေမတော်မဟုတ်သော သူတို့အား။ တောင်းခံ၍ စားသောက်သုံးဆောင်ခြင်း တည်းဟူသော အလဇ္ဇိဓမ္မ၊ ဆိုင်းကချေသည်၊ ရုပ်စုံ ဗုံရှည်၊ ပတ်သာ တူရိယာတို့ကို၊ တီးမှုတ် ပျော်ပါးသော အလဇ္ဇီဒုဿီလ ကိုပင်၊ ရဟန်း-ရဟန်းဟု၊ လှူဒါန်းပူဇော်ကြသော သူတို့သည်၊ လယ်လုပ်ခြင်း၌ မလိမ္မာသော တောင်သူမိုက်သည်၊ ကြွတ်တီးကုန်းခေါင်ဝယ် ရေမတင်ရာ၌ စိုက်သောကြောင့်အသီးအနှံမဖြစ်ပွါး၊ ရင်းစားမျှမပြန်မျိုးလည်းဆုံး လူလည်းဆုံး ပင်ပန်း၍ အရှုံးကြီး ရှုံးရလေ၏။

အချို့သော သူတို့ကလည်း၊ မုဆိုးတံငါ ဇူဇကာပုဏ္ဏား တို့ကိုပင်၊ လှူသော်လည်း အကျိုးရှိပါ၏။ သာသနာတော် ကုန်သောကာလ၊ လည်ပင်း- လက်ကောက်ဝတ်၌၊ သင်္ကန်းပိုင်းငယ်ကို၊ ရစ်ပတ်သောရဟန်းယောင်တို့ကိုပင်၊ သင်္ဃာတော် မှတ်၍ သံဃဿဒေမ–ဟုဆို၍လှူလျှင်၊ ကုသိုလ်ပါရသေးသည်၊ ယခုကာလရဟန်းအလဇ္ဇီ ဒုဿီလတို့ကို လှူသော်အကျိုးမရဘဲ မရှိရာဟု၊ သင်္ကာ တွေး တော

သဘော မကျ ရှိကြ ပါ သည်။ အ ကျိုး ရ သင့် မရသင့်ကို သိလိုပါသည်ဟူသော အမေး၌။ ။မုဆိုး၊တံငါ၊ ဖုဇကာပုဏ္ဏားတို့မှာ။ ။ရဋ္ဌသခေါပနာ နန္ဒပဋိပုဂ္ဂလိကာဒက္ခိဏာ၊ တထာဂတေအရဟန္တေ သမ္မာသမ္ဗုဒ္ဓေဒေတိ၊ အယံပဌမပဋိပုဂ္ဂလိကာ။ ။ အစရှိသည်ဖြင့်။ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ဘုရားဟောတော်မူအပ်သောတကျိပ်လေးယောက်သော အလှူခံပုဂ္ဂိုလ်တို့တွင် အပါအဝင်ဖြစ်သောကြောင့်၊ မုဆိုးတံငါ၊ ဖုဇကာပုဏ္ဏားတို့ကိုလှူသော်၊ ပုဂ္ဂိုလ်အားလျော်စွာ အကျိုးရ၏။ ယခုကာလ အလဇ္ဇိဒုဿီလရဟန်းတို့သည်၊ အလှူခံပုဂ္ဂိုလ်တကျိပ် လေးယောက်တို့၌မပါမဝင်ချေ၊ မုဆိုး၊ တံငါတို့သာဝင်ချေသည်။ ထိုသို့မပါမဝင်ကြောင်းကိုလည်း။ ။ပုထုဇ္ဇန ဒုဿီလော နာမကေဝဋ္ဋမစ္ဆဗန္ဓနာဒိ ပရပီဠာယ ဇီဝိတံ ကပ္ပေတာရော-ဟု ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ပင် ဟောတော်မူသည်။ ။ပုထုဇ္ဇနဒုဿီလောနာမ၊ပုထုဇ္ဇန အလဇ္ဇိဒုဿီလမည်သည်ကား၊ ကေဝဋ္ဋမစ္ဆဗန္ဓနာဒိ၊မုဆိုး တံငါအစရှိသော၊ပရပီဠာယ၊သူတပါးကိုညှဉ်းဆဲခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတာရော၊ ပြုသော သူတည်း။ ။ဤသို့ ဟော

တော်မူသောကြောင့်၊ အလှူခံတကျိပ်လေးယောက်တို့တွင် ရဟန်းဒုဿီလ မပင်ကြောင်းကိုမှတ်လေ။

မပါ မဝင်သော်၊ မကိုးကွယ်ရပြီလောဟူ ငြားအံ့၊ အလဇ္ဇီ၏အမူအရာကိုမြင်သိသော် မအပ်၊ မမြင်မသိ၍ကေန် သူတော်ကောင်းမှတ်၍ ကိုးကွယ်ပူဇော်လျှင် စင်ကြယ်များမြတ်သော အကျိုးပင် မရသော်လည်း၊ အပြစ်လွတ်တန်ရာ၏။ ထိုကြောင့် ဝိနယသင်္ဂဟ အဋ္ဌကထာ၌။ ။ယာဝ အလဇ္ဇိဘာဝံ န ဇာနာတိ။ တာဝ ကပ္ပတိ၊ ယဒါ ပန အလဇ္ဇိဘာဝံ ဇာနာတိ၊ တဒါ ပဋိက္ကမိတဗ္ဗံ။ ။ဝိနယာလင်္ကာရ ဋီကာ၌လည်းနည်းတူပင် လာသည့်၊ ။ယာဝ၊ အကြင်မျှလောက်၊ အလဇ္ဇိဘာဝံ၊ အလဇ္ဇီ၏အဖြစ်ကို။ န ဇာနာတိ၊ မသိ၊ တာဝ၊ ထိုမျှလောက်၊ ကပ္ပတိ၊ အပ်၏၊ ယဒါ ပန၊ အကြင်အခါ၌ ကား၊ အလဇ္ဇိဘာဝံ၊ အလဇ္ဇီ၏ အဖြစ်ကို၊ ဇာနာတိ၊ သိ၏။ တဒါ၊ ထိုသို့သိသောအခါ၌။ ပဋိက္ကမိတဗ္ဗံ၊ ပယ်အပ်၏။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လွန်ကျူး၍ကျင့်သောအလဇ္ဇီဒုဿီလအဖြစ်ကိုသိမြင်သော်၊ ရဟန်းတို့ သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း အလဇ္ဇီကိုရှောင်ကြဉ်အပ်၏၊ မရှောင်ကြဉ်သော် အပြစ်မှမလွတ်ဟု မှတ်လေ။

မုဆိုး၊ တံငါ။ ဖုဇကာပုဏ္ဏားတို့သည်၊ ယုတ်မာသော ဒုဿီလဖြစ်ပါလျက်လှူသော်အပြစ်မရှိ၊ ရဟန်းအလဇ္ဇီဒုဿီလသည် ရဟန်းဖြစ်ပါလျက်ပေးလှူလျှင်အပြစ် ရှိသည်သာဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်းဟုဆိုငြားအံ့၊ မုဆိုး၊တံငါ၊ ဖုဇကာပုဏ္ဏားတို့မှာ၊ သာသနာတော်ပြင်ပ၌ သူတို့ဘာသာ ဒုစရိုက်ကိုပြုသည်။သာသနာတော်ကို မဖျက်၊မိမိတို့ အကျင့်နှင့်မိမိတို့ဖြစ်ကြလေသည်၊ ရဟန်းအလဇ္ဇီ ဒုဿီလတို့မှာ၊ ဘုရားသာသနာတော်ဖျက်ဆီးသည်။ ဘုရားပရိသတ်ဖြစ်သောသူတော်ကောင်းတို့ကိုလည်းပျက်စေယုတ်စေသည်၊ ထိုသို့ယုတ်စေကြောင်းကိုလည်း။ အလဇ္ဇီပန ဗဟုသုတံပိ သင်္ဂဟံ ကာတုံ နဝဋ္ဋတိ၊ သောဟိ ၊ အလဇ္ဇီ ပရိသံ ဝဍ္ဎာပေတိလဇ္ဇီ ပရိသံ ယာပေတိ ဟုဝိနယာ လင်္ကာ ဋီကာ၌ လာသည်။ အလဇ္ဇီပန၊ အလဇ္ဇီ ရဟန်းတို့ကား။ ဗဟုသုတံပိ အကြား အမြင်များသော်လည်း။ သင်္ဂဟံ။ ပူဇော်ချီးမြှောက် ထောက်ပံ့ခြင်းကို။ ကာတုံ။ ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဟိ၊ တသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား၊ သော၊ ထိုအလဇ္ဇီ ပုဂ္ဂိုလ်သည်။

အလဇ္ဇီ ပရိသံ၊ အလဇ္ဇီ ပရိသာတ်ကို။ ဝဇ္ဇာပေတိ၊ ပွားများစေ၏။ လဇ္ဇီပရိသံ၊ သူတော်ကောင်း ဖြစ်သော လဇ္ဇီပရိသာတ်ကို။ဟာပေတိ ဆုတ်စေ၏။ တသ္မာ၊ ထို့ကြောင့်။ နဝဇ္ဇတိ၊ မအပ်။ ဤသို့ ကျမ်းဂန် လာသောကြောင့်။ သာသနာတော်ကိုဖျက်ဆီးတတ်သော ဘုရားရန်သူဖြစ်သော အလဇ္ဇီ ဒုဿီလ ရဟန်းတို့ကို သိလျက်နှင့် ကိုးကွယ် ချီးမြှောက်ထောက်ပံ့ချေသော်၊ အပြစ်ရောက်သည်သာ ဟု မုချမှတ်လေ။

သာသနာတော် ကုန်သော ကာလ၊ လည်ပင်းလက်ကောက်ဝတ်၌။ သင်္ကန်းပိုင်းငယ်ကို ရစ်ပတ်သော ရဟန်းယောင်တို့ကိုပင်၊ရဟန်းဟုမှတ်ထင်၍၊ သံဃာသဒေမ-ဟုဆို၍လှူသော်၊အကျိုးများစွာရ၏ဟုဆိုရာ၌အပြစ်မရှိ၊ အကျိုးများစွာ ရကြောင်းကို၊ မြတ်စွာဘုရားသည်။ ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ဟောတော်မူသောကြောင့်၊ မုချပင် အကျိုးရ၏၊ဟု မှတ်ရမည် ထိုသို့ရသော်လည်း အနာဂတမဂ္ဂါနံ၊ စသည်ဖြင့် အနာဂတ်ကာလဖြင့် ပိုင်းခြား၍ ဟောတော်မူသော ကြောင့်။ နောက် အနာဂတ်ကာလ ရောက်ခါတို့၌ သာဖြစ်သည်ဟု မှတ်လေ။ ။ယခုကာလ ဤကဲ့သို့

မမှတ်သား၊ အဘယ်ကြောင့် နည်း ဟူမူကား။ အနာဂတ်ကာလ၌ လည်ပင်းလက်ကောက်ဝတ်၌ သင်္ကန်းပိုင်း ငယ်ကို ရစ်ပတ်သော ရဟန်းယောင်တို့နှင့်၊ ယခုကာလအလဇ္ဇီရဟန်းတို့သည်မတူကြ၊ အတူတူပင်ဖြစ်သည်ဟု ဆိုကြသော သူတို့မှာ။ မြင်းနှင့်နွားခြားနားကြောင်းကို မသိတတ်သော သူကန်းကဲ့သို့သာဖြစ်သည်။ ထိုနောက်အနာဂတ် ကာလ၌ဖြစ်လတံ့သော ရဟန်းယောင်တို့မှာ၊ နှစ်ရာ့နှစ်ဆယ်ခုနစ်ပါးသော သိက္ခာပုဒ်တို့တွင် တစုံတခုမျှ မရှိ၊ ပကတိလူပုဂ္ဂိုလ်တို့ပင်ဖြစ်၍၊ အလှူခံ တကျိပ်လေးပါးတွင် အဝင်အပါ ဖြစ်သည်။ ယခုကာလသိက္ခာပုဒ်နှင့် တကွသောအလဇ္ဇီဒုဿီလရဟန်းများကဲ့သို့၊ ဝန်ခံ၍အမှုထမ်းသူ ရဟန်းမဟုတ်သောကြောင့်၊ သာသနာတော်၏ဆန့်ကျင်ဘက် ဘုရားရန်သူမဟုတ်၊ အပြစ်မရှိ၊ အကျိုးရသည်ဟုမှတ်လေ ။လောကီပမာဆိုသော် မင်းဧကရာဇ်ထံမှာ၊ ဆုလာဘ်များစွာယူပြီးလျှင်၊ ဝန်ခံ၍အမှုထမ်းသော မင်းခစား ယောက်ျားတို့သည်၊ အမှုတော်ကိုကြေကုန်အောင်မထမ်းဘဲ၊ မင်းဧကရာဇ်အာဏာတော်ကိုလွန်ဆန်၍ ထွက်ပြေးလေသော သူတို့သည်။ မင်း၏ ရန်သူဖြစ်သောကြောင့်၊ ရောက်ရာ

အချပ်က မင်းကြောရာဇာထံ မအပ် မနှံဘဲ လက်ခံ ကျေးမွေး၍ထားချေလျှင်၊ မင်းဘေးမင်းဒဏ်ကိုကြောန် ပင်ခံရသကဲ့သို့နှစ်ရာနှစ်ဆယ်ခုနစ်ပါးသော ဘုရားအရှ မှုတော်ကိုဝန်ခံ၍ထမ်းကြသော အလဇ္ဇီရဟန်းတို့ကို လက်ခံ၍လှူဒါန်းကျွေးမွေးချေလျှင်။ အပါယ်နိုက် ဖြစ် လတံ့သော ဘေးရန်ကို ခံရမည်ကြောန်မှတ်လေ။

ဓင်းကြောရာဇာထံမှ ဆုလပ်တို့မခံယူဝန်ခံ၍မထမ်း သော ကျေးထမ်း ရွာစားတို့ကို။ ကျွေးမွေးလက်ခံ သော်လည်း။ မင်းဘေးမင်းဒဏ်ကို မခံရသကဲ့သို့၊ အနာဂတ်၌ ဖြစ်လတံ့သော ရဟန်းယောင် တို့ကို လက်ခံ၍ လှူဒါန်းကျွေးမွေးသော်။ အပြစ်မရှိအကျိုး ရ၏၊ ဤကဲ့သို့ဖြစ်ပါသည်ကို၊ မသိတတ်သော သူတို့ မှာ၊ငါတို့ဆရာဖြစ်သည်။ကျေးဇူးကိုလည်း ဆောင်ပေ သည်။နေ့ညဉ့်မဆိုလိုလျှင်လည်းရပေသည်ဟု၊ ကြောင် ကွင်းကိုမမြင်။ အစာကို ခင်မင်သော ကျီးမိုက်ကဲ့သို့ ဖြစ်၍၊ စေတနာနှင့်လှူက အတူတူပင်ဖြစ်သည်ဟု။ အနာဂတ်၌ဖြစ်လတံ့သောရဟန်းယောင်တို့နှင့် အတူ တူထင်မှတ်၍လှူဒါန်းပူဇော်ကြသောသူတို့မှာ။ လော ကီပမာဆိုသော်။ မှိုပေါက်သောကာလ၌ လိမ္မာသော ယောကျ်ားသည်။ဤလဥ်ရက်သို့ရောက်သော ကာလ

ဤ တောင်ပို့တို့၌ မှိုများစွာ ပေါက်လတံ့ ဆိုသော စကားကိုကြားသော်။ ဝါခေါင် တော်သလင်းမှာ မှိုပေါက်လတံ့ဟု၍ ဆို သည်ကို။ မှိုချိန်၌မလိမ္မာသောယောကျ်ားသည်။ တပေါင်း၊ တန်ခူးကာလပင် မှိုရနိုးနိုးထင်၍။ မှိုရှာမှားသော ယောကျ်ားမိုက်ကဲ့သို့ပုင်း၊ အတိတ် အနာဂတ်ကို မြင်တတ်သော ပညာရှိယောကျ်ားသည်၊ ဤလ ဤရက်မှစ၍ ဤကာလသို့ရောက်သောအခါ၊ တပေါက်တစက်မျှမကျဘဲ။ မိုးသည်းသုံးနှစ်ခေါင်လတံ့။ ထိုအခါဆန်ရေစပါး ငတ်မွတ်ကြ၍။ သလေးဆန်တကွမ်းစားကို ငွေတကွမ်းစားပေးရလတံ့၊ ဤသို့ဆိုသောပညာရှိစကားကို ကြားသောကာလအချိန်၌ မလိမ္မာသော ယောကျ်ားသည်၊ ဆန်ဘကွမ်းစားကို။ ငွေတကွမ်းစား ထိုက်သည်ဟု နှလုံးသွင်း၍ ရာချင်းဈေးကာလပင် သလေးဆန်တကွမ်းစားကို ငွေတကွမ်းစားပေး၍ အဝယ်မှားသော ယောကျ်ားမိုက်ကဲ့သို့ဖြစ်၍၊ မှားခြင်းကြီးမှားကြလေသည်ဟုမှတ်လေ။

ဤသို့ဆိုခဲ့ပြီးသော သစ်သီးပေးခြင်း၊ ပန်းပေးခြင်း ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း။ ကျောင်းကဆွမ်းကို အိမ်သို့ပို့ခြင်း၊ ရွှေ-ငွေဆည်းပူးခြင်း၊ သက်နီးသပိတ်

ပရိက္ခရာတို့ကို ရောင်းချ၍။ ကြေးငွေရခြင်း၊ နေလွဲသောအခါ ပြောပစလောက်သော ရောဂါ မရှိဘဲ ကွမ်းစားခြင်း၊ ဆေးစားခြင်း၊ ဆေးလိပ် သောက်ရှူခြင်း၊ တကာ တကာမတို့လာသောအခါ နှုတ်ခွန်းဆက်ခြင်း၊ မေးမြန်းခြင်း ကွမ်းဆေး တည်ခြင်း၊ ရွာတွင်းမြို့တွင်းသို့ ဝင်သောအခါ၊သင်္ကန်းမရုံဘဲဝင်ခြင်း၊ ထီးဘိနပ်စီးဆောင်း၍ဝင်ခြင်း၊ ပေါက်ပွင့်ဆိုးနွင်းဆိုးတို့ကိုဝတ်ရုံခြင်း အစရှိသော အလဇ္ဇီဓမ္မတို့ကို လွန်ကျူး ကျင့်သည်ကို သိလျက်–မြင်လျက်နှင့် ငါ့ဆရာဖြစ်သည့်ဟူ၍၎င်း၊ ငါ့ အဆွေမျိုး ဖြစ်သည်ဟူ၍၎င်း၊ ပစ္စည်းဥစ္စာ မှိုင်းမပေသည့် ဟူ၍၎င်း၊ နေ့ညဉ့်မဆို လိုလျှင် ရပေသည့် ဟူ၍၎င်း၊ အနည်းငယ်သော ငွေပြွန်ကျေးဇူးကိုသာ မျှော်၍၊ ပူဇော်ကိုးကွယ်သော မိန်းမ ယောက်ျားတို့သည်၊ မီးပုံ၌ကြဲသော မျိုးစေ့ကဲ့သို့ဖြစ်၍၊ ပစ္စည်းလည်းဆုံး၊ လူလည်းစုန်းစုန်းနစ်၍၊ သံသရာအကျိုးယုတ်ခြင်း၊ ကြီးယုတ်လေတော့သည်။

ဆိုခဲ့သော အလဇ္ဇီဓမ္မတို့ကို လွန်ကျူးကြသော အလဇ္ဇီရဟန်း အပေါင်း တို့တွင်၊ နတ်ပူး နတ်ခွါ မှော်ဆရာ အမှုဖြင့် ဆေး ကု သော ရဟန်းယုတ်

တို့သည်၊ အလဇ္ဇီတကာ နောက်ပိတ်ခွေးရှေ့ပြေး ခေါင်းတည်ကြီးပင် ဖြစ်သည်၊ အင်္ဂါယတ်အ စရှိသည်ဖြင့်၊ သံပြဒါးသောအောင် ပြုလုပ်၍ ရွှေငွေ တို့ကို လုပ်ဆောင်ခြင်း၊ အင်းအိုင် ခလှဲ့၊ ထားပြီး၊ လှုံပြီး၊ ဆေးထိုးခြင်း၊ စက်မြှုပ်ခြင်း အစ ရှိသော အလဇ္ဇီဝမ္မတို့ကို ပြုခြင်း၊ ငရဲဘေးကို မသိမမြင် သော အလဇ္ဇီရဟန်းတို့သည်၊ ပါစိတ်ဒုက္ကဋ်အာ ပတ်မျှလောက်သော်လည်း၊ အတွက်မရှိ ဒေသနာ ကြား လျှင်ပင် ပြေသည်သို့ ဆိုမှားကြလေသည်။ ဒေသနာ ကြား၍ပြေသည်မဟုတ်၊ စွန့်ပစ်အပ်သော ရွှေ ငွေ ပရိက္ခရာ ကျောင်း အစရှိသော အကပ္ပိယ ပစ္စည်း ဟူသမျှကို မစွန့်ပစ်သော်၊ တနေ့ကို အကြိမ် တရာ အာပေါက်အောင်ပင် ဒေသနာ ကြား သော် လည်း အာပတ်မှမထ မောကာမျှသာဖြစ်သည်။ ပမာ ဆို သော်၊ ပဉ္စပွန်လောက၌ ကုဋေ ရှစ်ဆယ် ကြွယ်ဝ သော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက သူဌေးကြီး တို့ မှာ၊ ၁၂း—–၁ ကိုမဆို ထားဘဲ၊ ကြေး ငွေ ဥဿ အရာ အဆောင်ပင် ပျောက် ကြား သော် လည်း၊ ပျောက်ပျက်ရာ မထင် ဆိုဘိသကဲ့သို့၊ ထို့ အတူ၊ ပါစိတ်ဒုက္ကဋ်မျှမက၊ ကြီးစွာသော အာပတ် တို့သည်

အရာ အထောင် အသိန်း အသန်းမက၊ အနမတဂ္ဂ အာပတ်တွေ အလွန်တရာ ကြွယ်ဝ ပေါများသော ဓောတိက အသဥ္စိတ္တိသာ အ တွက် မရှိ ဆိုနိုင်ရာ သည်။ ။ မြတ်စွာ ဘုရားသည် ကား။ ။အကာ မဇ္ဈေသုဝဋ္ဋေသုဘာယဒဿဝိနောဝိရထ။ ။ဟူသော ဩဝါဒ ဒေသနာဖြင့်၊ ချစ်သား ရဟန်းတို့၊ အနည်းငယ် အကာ မြူမျှသာဖြစ်သောအာပတ်တို့၌၊ အပါယ်၌ ဖြစ်လတံ့သော ဘေးကို မြင့်မှုရ် တောင်လုံးလောက် ကြီးသည်ဟု ဘေးကိုရှု၍ နေကြကုန်လော့ဟုအကြိမ် ကြိမ် ဆုံးမတော်မူပါသည်၊ ဤကဲ့သို့သော အလဇ္ဇီ ရဟန်းတို့ကို သိလျက်—မြင်လျက်နှင့် ထိပ်ဗုတ် ကိုးကွယ်ကြသော တကာ၊တကာမ ဆရာ ရဟန်း တို့ ခံရသောသက်သေကို အမြွက်မျှဆိုပေအံ့။

ငါတို့ဘုရား လက်ထက်တော်တို့၌၊ အရှင် မဟာမောဂ္ဂလာန်သည်၊ လက္ခဏာ မထေရ်နှင့် တကွ၊ ဂိဇ္ဈကုဋ်တောင်မှ သက်ကြွတော်မူသည်ရှိသော်၊ အလဇ္ဇီ ရဟန်းတို့နှင့်တကွ၊တကာ တကာမ ဆွေသားမျိုးသား တပည့်သား တစုတို့သည်၊ ဝက် ပြိတ္တာ ဖြစ်ကြ၍၊ တဦး မစင်ကို တဦးခံတွင်းဖြင့် ဆင့် ကာ—ဆင့်ကာ စားသျက်၊ ဆင်းရဲကြီးစွာ ခံရသည်ကို မြင်တော်မူ

သောကြောင့် ပြုံးတော်မူလျှင်၊ ရှင်လက္ခဏ က
အဘယ်ကြောင့် ပြုံးတော်မူသနည်းဟု လျှောက်၏၊
မြတ်စွာဘုရားအထံတော်သို့ရောက်မှမေးဟုမိန့်တော်
မူ၏၊ ဆွမ်းခံပြီးသောအဆုံးမှ မြတ်စွာဘုရား အထံ
တော်၌ မေးလျှောက်သော်၊ ထို ဝက်ပြိတ္တာ တို့၏
အကြောင်းကို မိန့်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား
သည် ဤသို့ မိန့်တော်မူ၏။ ။ချစ်သား မောဂ္ဂလာန်၊
ထိုဝက်ပြိတ္တာတို့ကို သင် ချစ်သားတို့သည် ယခုမှ
မြင်သည်၊ ငါဘုရားသည် ရှေးဗောဓိပင်နှင့်ဖွဲ့ပလ္လင်
ကို အောင်မြင်တော်မူသော ကာလကပင်မြင်တော်
မူ၏။ ငါ ဟောပြောသော်လည်း ငါ့တရားကို မယုံ
ပေရာ၊ ငါ့တရားကိုမယုံသော်၊ အပါယ် လေးပါးသို့
လားလတံ့။ ထိုကြောင့် ငါဟောတော်မမူ။ ယခုမှာ
ချစ်သား မောဂ္ဂလာန်ကို သက်သေ ထား၍ ငါ ဟော
တော်မူအံ့။ ။ရှေးနှောင်တော် ဖြစ်သော ကဿပ
မြတ်စွာဘုရား၏ တပည့်သား ဖြစ်သော ရဟန်း တို့
သည်၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို
ရိုသေစွာမကျင့်ကြဘူး။ သစ်သီး ပေးခြင်း၊ ပန်းပေး
ခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ပွဲလမ်းသဘင်

ပြုခြင်း၊ ရွှေ၊ ငွေ တို့ကို သိမ်း ဆည်း သို မှီး ခြင်း၊ ကျောင်းကဆွမ်းကို အိမ်သို့ပို့ခြင်း၊ ရွှေ ငွေတို့ဖြင့် ပစ္စည်းပရိက္ခရာတို့ကို ရောင်းဝယ် လယ်လုပ် ကုန်သွယ်ခြင်း အစရှိသော များစွာသော သိက္ခာပုဒ်ကို လွန်ကျူး ပြုကျင့် သည်ကို၊ တကာ—တကာမ တို့သည်၊ သိလျက်—မြင်လျက်နှင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်း ပူဇော် ကိုးကွယ် ချီးမြှောက်၍ မှီဝဲ သုံးဆောင် စားသောက်ကြသည်၊ ထိုသို့သော အလဇ္ဇီ ရဟန်း တကာ-တကာမ တပည့်သား မြေးတို့သည် ငရဲ၌ နှစ်လများစွာ ဘုရားတဆူနှင့် တဆူ အကြား ကာလပတ်လုံး ငရဲ၌ ဆင်းရဲကြီးစွာခံရပြီးမှ၊ ယခု ငါ ဘုရား လက်ထက် ထို မကောင်းမှု ကံ မကုန်သေး၍၊ ဂိဇ္ဈကုဋ်တောင် ခြေရင်း၌ အလဇ္ဇီ ရဟန်းတို့နှင့်တကွ၊ တပည့် သား မြေး တကာ—တကာမ ဆွေသား မျိုးသား အပေါင်းတို့သည် ဝက် ပြိတ္တာ ဖြစ်၍၊ တဦးမစင်ကိုတဦးခံတွင်းဖြင့် ဆင့်ကာ—ဆင့်ကာစားသျက်၊ ဆင်းရဲကြီးစွာခံရချေသည်ဟု ဟောတော်မူသည်။ ဤသို့ ဝတ္ထု သက်သေကို ထောက်ရှု၍၊ ငရဲကိုကြောက်ကြသော အမျိုးသားတို့ သည် သာသနာ တော်ကို မှီ၍ ငရဲမရှာကြရာ။ ရဟန်းတို့

သည်လည်း၊ ဘုရားသာသနာတော်ကိုမှီ၍ ငါတို့
လည်း ငရဲသို့မလားရာ၊ တကာ—တကာမ တို့လည်း
ငါတို့ကိုမှီ၍ ငရဲသို့မလားရာ၊ တပည့်သားမြေးတို့
လည်း ငါတို့ကိုမှီ၍ ငရဲသို့ မလားရာဟု၊ ပညတ်
တော်မူအပ်သောသိက္ခာပုဒ်ကို ရှိသေစွာ ကျင့်တော်
မူကြပါကုန်။

===o===

ရှိသေစွာ မကျင့်ဘဲ လွန်ကျူး ဖောက်ပြန်သော
အလဇ္ဇီ ဒုဿီလ ရဟန်းတို့၏ အဖြစ်ကိုလည်း။ ။
တာယသမ္ပန္န ဒုဿီလတာယ သာဏာသာဝုတော ဝိယ
ဒုမ္မင်္ကုလာဟောတိ၊ ယေဝေ၊ ပနသဒ္ဓိမ္ဘာနုဂတိ အာ
ပဇ္ဇန္တိ၊ တေသံဒိယာရက္ခံ အပါယဒုက္ခာ ဝဟာနတော
ဒုက္ခာသဒ္ဓေသော၊ ယေသံ ဒေသုဝဋ္ဋ ပဋိက္ကဏ္ဍတိ၊ တေသံ
နမော ပုသဘာဝကရဏာတောအပဋ္ဌော၊ အနေက ဝ
သဂ္ဂုတာ ဂူပေ ါဝိယဒုမ္မံ သောဝေနော၊ ဆလတာမိဝဉာဘ
တောဗာဟိရော၊ ဘိက္ခူဘာ ပဋိဘာနနေ့ဘဝိအဘိက္ခူ
ပေယာဝ။ ဂေါဂံ အနုဗန္ဓ ဂဗ္ဘိဘောဝိယ၊ အသံဝါသာ
ရဟောဟောဘင်္ဂေဝ ဂုဝိယ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်း

ဋ္ဌိလာသည်။ ၊ပန၊အဓိလ ဒုဿီလအဖြစ်ကို ပြဦးအံ့။
တာယာစဒုဿီလတာယ ထိုသီလမရှိသည်၏ အဖြစ်
ကြောင့်သာဏ်သာဋကောသိယ၊ကိုက်ဆံချော်၍ဆိုးကဲ့
သို့။ ဒုဇ္ဇချော၊ သီလ ကျက်ကျေးဇူးအဆင်းမလှသည်။
ဟောတိ၊ ဖြစ်၏၊ယေခေါပန သတ္တာ၊ အကြင်သတ္တဝါ
တို့သည်၊အဓိသ ထိုဒုဿီလရဟန်း၏။ ဒိဋ္ဌာနုဂတိံ၊
အလိုသို့အစဉ်လိုက်၍ကျင့်ခြင်းသို့။အာပဇ္ဇန္တိ၊ရောက်
ကုန်၏။ တေသံ၊ ထိုအလိုသို့လိုက်၍ ကျင့်ကုန်သော
သတ္တဝါတို့အား။ဒီဃရတ္တံ၊ ရှည်စွာသောကာလပတ်
လုံး၊အပါယဒုက္ခဝဟနတော၊ အပါယ်ဆင်းရဲသို့သော
ဆောင်အပ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခသမ္ဖဿော၊
အပါယ်သို့သော တွေ့ထိ၏။ ယေသံ၊ အကြင်ပစ္စည်း
ဒါယကာတို့၏။ဒေယျဓမ္မံ၊ လှူဖွယ်ဝတ္ထုကို၊ ပဋိဂ္ဂဏှာ
တိ၊ခံ၏။ တေသံ၊ ထိုပစ္စည်းဒါယကာ-ဒါယကာမတို့
အား။ နမဟပ္ဖလဘာဝကရဏတော၊ စင်ကြယ်ချွား
မြတ်သောအကျိုးမရှိသည်၏ အဖြစ်ကိုပြုတတ်သော
ကြောင့်။ အပ္ပဂ္ဃော၊ ဂုဏ်ကျေးဇူးမရှိသည်၏အဖြစ်
ကြောင့်အဘိုးမထိုက်သည်၊ ဟောတိ၊ဖြစ်၏။အနေကဝ
ဿဂဏကပ္ပေါဝိယ၊ ရှည်မြင့်စွာသော ကာလပတ်လုံး
ဖွန့်ဖြစ်ရာဖြစ်သောမစင်တွင်းကဲ့သို့။ ဒုဝိသောဓနော၊

ဖြစ်စင်နိုင်ခဲ့သည်၊ ဟောတိ၊ဖြစ်၏။ ဆာလတမိဝ၊ လူ
ကောင်ဖုတ်သောထင်းကုလားတုံးကဲ့သို့။ ဥဘတော
ဗျာဟိတော၊လူ့စည်းစိမ်—ရဟန်းစည်းစိမ်မှရှုံးသည်၊
ဟောတိ၊ဖြစ်၏။ဘိက္ခုဘာဝံ၊ရဟန်း၏အဖြစ်ကို ပဒူ
ဇာနုနေ့တွာ၊ ငါရဟန်းဟု ဝန်ခံ ငြားသော်လည်း။
အဘိဘူယော ရဟန်းမဟုတ်သည့်သာလျှင်၊ ဟော
တိ၊ဖြစ်၏၊ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား၊ဂေါ
ဏာ၊နွားအပေါင်းသို့၊အနုဗန္ဓ ဂဒြဘောဝိယ၊ အစဉ်တ
စိုက်လိုက်သော မြည်းကဲ့သို့တည်း။ အသံဝါသာရ
ဟော၊ သူတော်ကောင်းတို့နှင့် ပေါင်းဘော်ခြင်းငှာ
မထိုက်သည်။ ဟောတိ၊ဖြစ်၏၊ကိမိဝ၊ အဘယ်ကဲ့သို့
နည်းဟူမူကား။မတကုဏပံဝိယ၊ပရိသတ်အလယ်
၌ ထားသော သူသေကောင်ပုပ်ကဲ့သို့တည်း။

ဤသို့ ဟောတော်မူသောကြောင့်၊ သိက္ခာပုဒ်တော်
ကို၊မရိုမသေလွန်ကျူး၍ပြုကျင့်ကြသောအလဇ္ဇီ ဒုဿီ
လရဟန်းတို့သည်။ ဒိုက်ဆံချော် ဆိုးကဲ့သို့၊ သီလ
တည်းဟူသောဂုဏ်ကျေးဇူးကင်းသည်၊ အဆင်းမလှ
သည်၊ ထိုအလဇ္ဇီဒုဿီလရဟန်းတို့၏ ဒိဋ္ဌာနုဂတိအ
လိုက်ပိုလိုက်၍ကျင့်ကြကုန်သောသူတို့သည်။ အပါယ်
ဆင်းရဲကိုသာဧကန်တွေ့ရ၏၊ အကြင်ပစ္စည်းဒါယကာ

ဒါယင်ကာမတို့၏လူ့ဘွယ်ဝတ္ထုတို့ကိုသုံးဆောင်မှီဝဲ၏၊ ထိုပြင်လည်း ဒါယကာဒါယိကာမတို့၏ ကုသိုလ်ဘရေးကိုစင်ကြယ် များပြားအောင် မပြုတတ်၊ ညှစ်နှမ်းယုတ် မာ အောင် သာ ပြု တတ် ၏၊ ထို အ လဇ္ဇီဒုဿီလရဟန်းတို့သည် နှစ်လများစွာပြည့်သူတို့သည်စွန့်ပစ်ရာဖြစ်သော မစင်တွင်းကဲ့သို့ ဖြူစင်ခြင်းငှာအလွန်ပင်သန့်ရှင်းခဲ့၏၊ လူသေကောင်ပုတ်သော ထင်းကူလားတုံးကဲ့သို့လူ့စည်းစိမ် ရဟန်းစည်းစိမ် နှစ်ပါးလုံးမှရှုံးခြင်းကြီးရှုံးရလေ၏။ ငါရဟန်းဟူ၍ဝန်ခံငြားသော်လည်း နွားအပေါင်းတို့၏ နောက်သို့အစဉ်တစိုက်နွာသောင်ဆောင်၍ လိုက်သော မြည်းကဲ့သို့ရဟန်းမဟုတ်သည်သာဖြစ်၏။ ပရိသတ် အလယ်၌ထားသော သူသေကောင်ပုပ်ကဲ့သို့ ရဟန်း တို့နှင့်ပေါင်းဘော်ခြင်းငှာမထိုက်ပြီ။

ဤသို့ကျမ်းဂန်လာသည့်ကို အဘန်ဘန်နှလုံးသွင်း၍။ အပေါယ်ဆင်းခဲမှလွတ်လိုသောသူတော်ကောင်းတို့သည်ကောင်းအောင် ကျင့်တော်မူကြပါကုန်။ ။ဒါယကာဒါယိကာမတို့ကလည်းသိမြင်ချေလျှင်သိလျက်မြင်လျက်နှင့်ထိမ်ဝှက်၍မကိုးကွယ်ရာဟုမှတ်ကြလေ။

ဤသို့ကျမ်းဂန်လာသည့်ကို ပညာတည်းဟူသော ရွှေခွက်နားဖြင့် မှတ်သားတော်မူကြကုန်သည်ဖြစ်၍။ ယခုအခါ သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော်မူကြကုန်သော အရှင်တို့သည်၊ ရေဝယ်မျောသောအခါ ကယ်ဆယ်လာသော သူကိုကဲ့သို့၊ ပုထုဇ္ဇဉ်ဂတိဖြစ်၍ ချွတ်ချော်တိမ်းပါးသောအခါ ဆုံးမမြစ်တား ပေးတတ်သောအဆွေခင်ပွန်းကောင်းကိုမြတ်နိုး စုံမက်တော်မူနိုင်ကြပါစေကုန်သတည်း။

===○===

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။ ။ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။ ။ကာသာဝကဏ္ဌာ ဗဟဝေါ ပါပဓမ္မာ အသညတာ၊ ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။ ၎င်း ဓမ္မပဒပါဠိတော်။ ။ဒုဿီလော၊ သီလမရှိသော အသညတော၊ သိက္ခာပုဒ်တော်နှင့် မလျော်သော အကျင့်ကို ကျင့်သည်ဖြစ်၍ ကိုယ်နှုတ်နှလုံးကို မစောင့်သောပုဂ္ဂိုလ်သည်၊ ရဋ္ဌပိဏ္ဍံ၊ ပြည်သူတို့၏ဆွမ်းကို၊ ယဉ္စေ ဘုဉ္ဇေယျ၊ အကြင်အကယ်၍စားငြားအံ့၊ တတော ထိုသီလမရှိဘဲလျက်ပြည်သူတို့ဆွမ်းကိုစားသော်ထက်

ဒဇ္ဈော၊ရဲရဲညိသော၊အဂ္ဂိသိခူပမောမီးလျှံနှင့်တူသော
အယောဂုဠော၊ သံတွေခဲကို၊ ဘုတ္တော၊ စားရခြင်း
သည်။သေယျော၊မြတ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။
ကာသာဝကဏ္ဌာ၊ သင်္ကန်းကို လည်နှိုက်ရောက်ကုန်
သောပါပဓမ္မာ၊သိက္ခာပုဒ်တော်ကိုကျော်နင်းလွန်ကျူး
သဖြင့်၊ ယုတ်မာသောအကျင့်ရှိကုန်သော၊ အသညာ
တာ၊ ကိုယ်ဒွါရ နှုတ်ဒွါရကို၊ မစောင့်စည်းကုန်
သော၊ ပါပါယုတ်မာညစ်ညမ်းကုန်သော။ ဗဟဝေါ၊
များစွာကုန်သော။တေ၊ထိုရဟန်းတို့သည်။ ပါပေဟိ၊
ယုတ်မာကုန်သော။ကမ္မေဟိ၊မိမိပြုအပ်သောမကောင်း
မှုကံတို့ဖြင့်နိရယံငရဲနိုက်။ဥပပဇ္ဇရေ၊ဖြစ်ကြရကုန်၏။
ဤသို့မိန့်ဟာပြသတော်မူအပ်သော ဒေသနာတော်
မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား၊ သိလသိက္ခာကို
ရိုသေစွာ မစောင့်ထိန်းမူ၍ လွန်ကျူးကျော်နင်းကုန်
သောပုဂ္ဂိုလ်တို့အား။ သဒ္ဓါယုံကြည်၍၊ ပေးလှူအပ်
သောပြည်သူတို့၏ ဆွမ်းကိုစားသောထက်၊ ရဲရဲငြီး
သောမီးတောက်မီးလျှံနှင့် တူသောသံတွေခဲကို မျိုချ
ခြင်းသည်ပင်လျှင်မြတ်၏။ ထိုယုတ်မာသော အလဇ္ဇီ
ပုဂ္ဂိုလ်တို့သည် မိမိတို့ပြုအပ်သောယုတ်မာသော အမှု
တို့ဖြင့်၊ ငရဲဘုံ၌ဖြစ်၍၊ အဆုံးမရှိကြီးမားလှစွာသော။

ဘေးဘယဒုက္ခကိုခံရကုန်၏၊ ထိုကြောင့်သင်ချစ်သား
တို့သည်၊ သီလသိက္ခာကိုရိုသေစွာထိန်းသိမ်း စောင့်
ရှောက်ကြပါကုန်ဟူ၍ အမိန့်ပါယ်လာသည်။ ယင်း
သို့၊မဟာကရုဏာတော်ဖြင့်ပြည့်သော၊ ရွှေနှလုံးတော်
ဖြင့်ဆုံးမတော်မူသည်ကို၊ နှလုံးနှစ်မြိုက် ပိုက်မိတော်
မူကြကုန်သော၊ ဘုရားသားတော်သခင်အရှင်မြတ်တို့
သည်၊ငါသည်ဝဋ်ဆင်းရဲမှကင်းစေခြင်းငှာ၊သာသနာ
တော်နှိုက်၊ ဘုရားဘုန်းတော်ကို ခိုလှုံလာ၏။ ပစ္စည်း
ပရိက္ခာကို တောင့်တသဖြင့် ဘုန်းတော်ကို ခိုလှုံလာ
သည်မဟုတ်။ယင်းသို့ဖြစ်လျက်။ ပစ္စည်း ပရိက္ခရာ ဟူ
သောကြောင်းကြောင့်၊ သိက္ခာပုဒ်တော်ကို လွန်ကျူး
ကျော်နင်း၍ ပြုကျင့်မိသည် ရှိသော်၊ သံသရာ ဝဋ်
အလွန်လေးလတံ့၊အစာကိုသာမြင်၍၊ သန်လျက်သွား
ကိုမမြင်သောကျီးမိုက်ကဲ့သို့ ဖြစ်ရာ ချေလတံ့ ဟု၊
သံသရာဘေးကို ရှုသဖြင့်၊ သီလသိက္ခာကို၊ လုံခြုံစွာ
မကျိုးမပေါက်ရအောင် ထိန်းသိမ်း စောင့် ရှောက်
တော်မူနိုင်ကြပါစေ ကုန်သတည်း။

ဤသို့ရေးကူးပြုစုရသော အကျိုးအားကြောင့်ပု, ဒိအာ, နှင့်ပြည့်စုံ
ရလိုပါ၏၊ နက်လှူသာခုခေါ်စေသော်။

ရဟန်းတို့ရှောင်ကြဉ်ရာသည့်အကုသိုလ်ဒုစရိုက် ၁၀—ပါး

၁။ ပါဏာတိပါတ သူ၏အသက်ကိုသတ်ခြင်း။

၂၊ အဒိန္နာဒါန၊ သူ၏ဥစ္စာကိုခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ၊ သူ့သားအိမ်ရာ ပြစ်မှား လွန်ကျူးခြင်း။

ကိုယ်ဖြင့် ပြုလုပ်သော ကာယကံ ဒုစရိုက် ၃-ပါးတည်း။

၁။ မုသာဝါဒ၊ လိမ်လည် လှည့်ဖြား၍ ပြောဆိုခြင်း။

၂။ ပိသုဏာဝါစာ ကုန်းတိုက်ပြောဆိုခြင်း။

၃၊ ဖရုသဝါစာ ကြမ်းကြုတ်တိုင်းထွာ ဆဲရေး ပြောဆိုခြင်း။

၄။ သမ္ဖပ္ပလာပဝါစာ၊ အဖျင်း အပျက် စကား ပြောဆိုခြင်း။

နှုတ်ဖြင့် ပြောဆိုသော ဝစီကံ ဒုစရိုက် ၄-ပါးတည်း။

၁။ အဘိဇ္ဈာသူ၏စည်းစိမ်ကို မိမိစည်းစိမ် အနေ ရောက်အောင် ကြံခြင်း။

၂။ ဗျာပါဒ၊ သူ၏စည်းစိမ်ပျက်စီးလျှင်ကောင်းလေ စွဟု ကြံစီခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ၊ ကံ ကံ၏အကျိုးမရှိဟု အထင်အမြင်မှားခြင်း၊

စိတ်ဖြင့်ကြံအပ်သော မနောကံဒုစရိုက် ၃ ပါတည်း။

သုသတ်ခိုးမှု ကာမေသု သုံးခု ကာယကံ။

မုသားငိတ်ခွဲ ဆဲရေးပြန်ဖျင်း အပါယ်ချင်း လေးအင် ဝစီကံ။

သူ့ပိုင်နက်ကို ကိုယ့်ဘက် ညွတ်စေ အသေတောင့်တ ပါပဒိဋ္ဌိ အယူပြိုဗျာပါဒ်မနောကံ။

အဓမ္မိကဝါဏိဇ္ဇာ မတရားသော ကုန်သွယ်ခြင်း ငါးပါး

၁။ မာတုဂါမတို့ကို ရောင်းဝယ်ခြင်း၊

၂။ သတ္တဝါတို့ သေစေ တတ်သော အဆိပ်ကို ရောင်းခြင်း။

၃။ သုရာမေရယဟု ဆိုအပ်သော ယစ်မျိုးကို ရောင်းခြင်း။

၄။ သတ္တဝါတို့၏ အသားကို တိုးပွားအောင် ကျွေးမွေး၍ရောင်းခြင်း။

၅။ သတ္တဝါတို့ သေစေတတ်သော လက်နက်တို့ကို ရောင်းခြင်း။

ပဉ္စာနန္တရိယကံ ငါးပါး

၁။ မာတုဃာတက၊ အမိကိုသတ်သောကံ၊

၂။ ပိတုဃာတက၊ အဘကိုသတ်သောကံ။

၃။ အရဟန္တဃာတက၊ ရဟန္တာကို သတ်သောကံ!

၄။ လောဟိတုပ္ပါဒက၊ဘုရားသခင်ကို သွေးစိမ်းတည်အောင် ပြုသောကံ၊

၅။ သံဃဘေဒက သံဃာကို ကွဲပြားအောင် ပြုလုပ်သောကံ။

ဤအနန္တရိယ ကံငါးပါးတို့တွင် တပါးပါးကို ပြုမိသော သူတို့သည် သေသည်၏ အခြားမဲ့၌ မချွတ်မလွဲ အဝီစိငရဲ၌ ခံရမြဲဖြစ်၏။

လူတို့သည် ဆိုအပ်ခဲ့ပြီးသော ဒုစရိုက် ၁၀-ပါး အဓမ္မိကဝါဏိဇ္ဇ ငါးပါး ပဉ္စာနန္တရိယကံ ငါးပါး၊ ၎င်းတို့ကို အသက်ထက်ဆုံး အထူးဂရုစိုက်၍ ရှောင်ကြဉ်ကုန်ရာသည်။

## သုရာမေရယ၏အပြစ်

သုရာမေရယပါန၊ ဘိက္ခဝေ၊ အာသေဝိတံ၊ ဘာဝိတံ ဗဟုလီကတံ၊ နိရယသံဝတ္တနိကံ၊ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယ၊ သံဝတ္တနိကံ၊ ယောသဗ္ဗလဟု၊

သုရာမေရယပါနသဿဝိပါကော၊ မန္ဒဿ၊ ဘူတဿ၊ ဥမ္မတ္တကာ၊ သံဝတ္တနိကော ဟောတိ။

## အင်္ဂုတ္တရ၊ ပါဠိတော်လာ

ဘိက္ခဝေ၊ ချစ်သားတို့ အာသေဝိတံ၊ အဖန်တလဲလဲ မှီဝဲအပ်ထသော၊ ဘာဝိတံ၊ အဖန်ဖန်ထုံအပ်ပွားအပ်သော၊ ဗဟုလီကတံ၊ ကြိမ်ဖန်များစွာ၊ ပြုလုပ်လေ့လာအပ်ထသော၊ သုရာမေရယပါနံ၊ သေ အရက် ကို သောက်ခြင်း သည်၊ နိရယ သံဝတ္တနိကံ၊ ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာန သံဝတ္တနိကံ၊ တိရစ္ဆာန် ဘုံ၌ ဖြစ် စေ တတ်၏။ ပေတ္တိ ဝိသယသံဝတ္တနိကံ၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သုရာမေရယပါနဿ၊ သေ အရက်ကို သောက်ခြင်း၏၊ သဗ္ဗလဟု၊ အလုံးစုံတို့၏ အောက်အပေါ့ဆုံး ဖြစ်သော ယောဝိပါကောအကြင်အကျိုးသည်၊ အတ္ထိ ရှိ၏။ သော၊ ထိုအကျိုးသည် မန္ဒဿ ဘူတဿ၊ လူ၏အဖြစ်သို့ရပါသော်လည်း ဥမ္မတ္တက သံဝတ္တနိကော၊ ရူးသွပ်ခြင်းကို ဖြစ်စေ တတ် သည် ဟောတိ၊ ဖြစ်၏။

ယေ-ဂဘန္ဒော၊ ပုညကရာ၊ သီလဝန္တော၊ ဥပသကာ ဓမ္မနုဒါရုံ၊ ပေါသေန္တိ၊ တေနယသာဝိ၊ ဟောတလီ၊

သက္ကသံယုတ်ပါဠိတော်၊ မာဘာလိ၊ မာတာလိ အမည်ရှိ
သောနတ်သား ······

ယောဂဟဋ္ဌာ၊ အကြင်အိမ်ရာထောင်သော လူတို့
သည်၊ ဥပသကာ၊ ရတနာ သုံးပါးကို ဆည်းကပ်
ကိုးကွယ်ကြကုန်၏။ သီလဝန္တာ၊ အကျင့် သီလနှင့်
ပြည့်စုံကြကုန်၏။ ပုညကာရာ၊ ကုသိုလ်ကောင်းမှုကို
ပြုလေ့ရှိကြကုန်၏။ ဓမ္မေန၊ ဒုစရိုက်မှုမှကြဉ်၍ တရား
သဖြင့်ရသော ပစ္စည်းဖြင့် ဒါရံ—သားမယား တို့အား
ပေါသေန္တိ၊ လုပ်ကျွေးမွေးမြူကြကုန်၏။ တေ၊ ထိုသူတို့
အား၊ အဟံ၊ ငါ-သိကြားမင်းသည် နမဿာမိ၊ ရှိခိုး၏။

သုရာမေရယက ၏အကျိုးပေး အင်္ဂုတ္တိုရ ပါဠိ
တော်လာ သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ
ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာ
နယောနိ သံဝတ္တနိကံ ပေတ္တိဝိသယ သံဝတ္တနိကံ
ယောသဗ္ဗလဟု သုရာမေရယပါနဿ ဝိပါကော
မနုဿ ဘူတဿ ဥမ္မတ္တကာ သံဝတ္တနိကော ဟောတိ၊
အနက်ကား၊ ဘိက္ခဝေ၊ ချစ်သားတို့။ အာသေဝိတံ၊
အဖန်တလဲလဲ မှီဝဲအပ်ထသော။ ဘာဝိတံ၊ အဖန်ဖန်
ထုံအပ် ပွားအပ်သော။ ဗဟုလီကတံ၊ ကြိမ်ဖန် များ
စွာ ပြုလုပ်လေ့သာ အပ်ထသော။ သုရာမေရယပါနံ

သေအရက်ကိုသောက်ခြင်းသည်၊ နိရယသံဝတ္တနိကံ၊ ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန ယောနိသံဝတ္တနိကံ၊ တိရစ္ဆာန်ဘုံ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ပြိတ္တာဘုံ၌ဖြစ်စေတတ်၏။ သုရာမေရယ—ပါနဿ၊ သေအရက်ကို သောက်ခြင်း၏။ သဗ္ဗလဟု၊ အလုံးစုံတို့၏အောက် အပေါ့ဆုံးဖြစ်သော။ ယောဝိပါကော အကြင်အကျိုးသည်၊ အတ္ထိ၊ ရှိ၏။ သော၊ ထိုအကျိုးသည်။ မနုဿဘူတဿ၊ လူ၏အဖြစ်သို့ ရပါသော်ငြားလည်း။ ဥမ္မတ္တကသံဝတ္တနိကော၊ ရူးသွပ်ခြင်းကိုဖြစ်စေတတ်သည်၊ ဟောတိ၊ ဖြစ်၏။

## သက္ကသံယုတ်ပါဠိတော်လာ

ယောဂဟာဋ္ဌာ ပုညကရာ သီလဝန္တော ဥပသကာ
ဓမ္မေနဒါရံ ပေါသေန္တိ တေနမဿာမိ မာတလိ၊

## အနက်ကား

မာတလိ၊ မာတလိအမည်ရှိသောနတ်သား။ ယောဂဟာဋ္ဌာ၊ အကြင် အိမ်ရာထောင်သော လူတို့သည်။ ဥပသကာ၊ ရတနာ သုံးပါးကိုသည်းကပ် ကိုးကွယ်ကြကုန်၏။ သီလဝန္တော၊ အကျင့်သီလနှင့် ပြည့်စုံကြကုန်၏၊ ပုညကရာ၊ ကုသိုလ်ကောင်းမှုကိုပြုလေ့

ရှိကြကုန်၏။ မွေ့နှ၊ တရားသဖြင့်ရသော ပစ္စည်းဖြင့် ဒါရံ၊ သားမယားတို့အား။ ပေါသေန္တိ၊ လုပ်ကျွေး မွေးမြူကြကုန်၏၊ တော၊ ထိုသူတို့အား။ အဟံ၊ ငါ သိကြားမင်းသည်။ နမဿာမိ၊ ရှိခိုး၏။

## ငရဲကြီးရှစ်ထပ်

၁။ သဉ္ဇိုးငရဲ။
၂။ ကာဠသုတ်ငရဲ။
၃။ သင်္ဃာတငရဲ။
၄။ ရောရုဝငရဲ။
၅။ မဟာရောရုဝငရဲ။
၆။ တာပနငရဲ။
၇။ မဟာတာပနငရဲ။
၈။ အဝီစိငရဲ။

၎င်းငရဲကြီး ရှစ်ထပ်တို့အပြင်တမျက်နှာ-တမျက်နှာ၌လည်းဘင်ပုတ် ငရဲ-ပြာပူငရဲ-လက်ပန်တောငရဲ၊ သန်လျက်ရွက်သစ်ပင် တောငရဲဟူ၍ဥဿဒရက် ငရဲငယ်လေးထပ်လေးထပ်စီရှိကုန်၏။ ထို့ကြောင့်ငရဲကြီးတထပ်တထပ်တွင် ၄ မျက်နှာ၌အရံလေးထပ်စီရှိခြင်း

ကြောင့်ငရဲကြီးပါ၊ ၁၇ ထပ်ဖြစ်၍၊ ငရဲအပေါင်းသည် (၁၇×၈)၁၃၆ ထပ်ဖြစ်၍၊ ငရဲခံရခြင်းများမှာရဲရဲတောံ သောသံပြားပေါ်၌အိပ်စေ၍ ခွေးနီ၊ ခွေးကျား၊ ခွေးနက် တို့ကိုစားစေခြင်း၊ ရဲရဲနီ၍ပူလောင်သောသံတွေခဲတို့ကို ပါးစပ်တွင်းသို့သွင်း၍မျိုစေခြင်း၊ ထားစက်သွံစက်တို့ နှင့်အသားတို့ကိုအလွှားအလွှား ကျေအောင်ခုတ်လှီး ခြင်းကိုခံရခြင်း၊ မျက်စိတမှိတ်လျှပ်တပြက်ခဏမျှသက် သာခွင့် မပေးဘဲ ကြိုက်ကြိုက်ဆူ၍ ပူလောင် သော သံရည်ကြေးနီရည်အိုးထဲသို့ ခြေနှစ်ချောင်းကိုကိုင် ၍နှစ်ခြင်း၊ ပစ်ချခြင်းတို့ကို ခံရခြင်း ကမ္ဘာမီးသက် သည်းလှသည့်တ ရဲရဲမီးလျှံတို့ကိုခံရခြင်း အစရှိသည့် အမျိုးမျိုးသောဆင်းရဲ ဒုက္ခတို့ကို ခံရ၍၊ ဤကဲ့သို့ခံရ သော်လည်းမိမိတို့ ကံကြွေးမကုန်သမျှ မသေရလေ အသက် မသေဘဲလျက် ခံရနေရ၍၊ အလွန် တရာ ကြောက်ရွံ့ဘို့ကောင်းလေ၍၊ အားလုံးသောလူအများ တို့သည်များများကြီး ကြောက်ရွံ့ကြလော့၊ ငရဲသို့ လားစေတတ်သော မကောင်းမှု ဒုစရိုက်တို့ကိုလုံးလုံး ကြီးရှောင်ကြလေ၊ ဒါန၊ သီလဘာဝနာ သုံးပါးတို့ကို များများကြီး အားထုတ်ကြပါလေ။ သို့မှသာကောင်း

သောသုဂတိဘုံတို့၌ဖြစ်ရမည်ကို မြဲမြဲစွဲစွဲကြီးမှတ်ကြ ပါလေ။

### သမ္ပတ္တိစက် (၄) ပါး။

၁။ ဂတိသမ္ပတ္တိ၊ နတ်ပြည် လူ့ပြည်၊

၂။ ဥပဓိသမ္ပတ္တိ၊ ကောင်းမြတ်သော ကြွန်အင် လက္ခဏာနှင့်ပြည့်စုံခြင်း။

၃။ ကာလသမ္ပတ္တိ၊ မင်းကောင်း လူကောင်းတို့၏ လက်ထက်။

၄။ ပယောဂသမ္ပတ္တိ၊ ဒါန သီလ စသောကုသိုလ် တရားတို့ကိုအားထုတ်ခြင်း။

### သီလခံယူနည်း။

ငါးပါးသီလ အဟံဘန္တေ တိသရဏေန သဟ ပဉ္စ သီလံဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ ဒုတိယမ္ပိ တတိယမ္ပိ ၃ ခေါက်ဆို။ (အာမ ဘန္တေ) နမောတဿ ဘဂဝတောအရဟတော သမ္မာ သမ္ဗုဒ္ဓဿ ၃ ခေါက်ဆို။ ရှစ်ပါးသီလ အဟံ ဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊ မေဘန္တေ၊

ရှေ့နည်းအတိုင်းသုံးခေါက်ဆို၊ ဆယ်ပါးသီလ၊ အဟံ ဘန္တေ တိသရဏေန၊ သဟ၊ ဒသဂဟဋ္ဌသီလံ၊ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊ မေဘန္တေ၊ ရှေ့နည်း အတိုင်း ၃ ခေါက်ဆို၊

## သရဏဂုံဆောက်တည်ရန်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သင်္ဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ ၃ ခေါက်ဆို၊ အာမဘန္တေ၊

## သီလသိက္ခာပုဒ်။

၁။ ပါဏာတိပါတာ၊ ဝေရမဏီ၊ သိက္ခာပဒံ၊ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ၊ ဝေရမဏီ၊ သိက္ခာပဒံ၊ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ၊ ဝေရမဏီ၊ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ၊ ဝေရမဏီ၊ သိက္ခာပဒံ၊ သမာဒိယာမိ၊

၅။ သုရာမေရယ၊ မဇ္ဇပမာဒဋ္ဌာနာ၊ ဝေရမဏီ၊ သိက္ခာပဒံ သဒိယာမိ၊ အာမဘန္တေ၊ ငါးပါးသီလပြီး၏။

## ရှစ်ပါးသီလသိက္ခာပုဒ်၊

၁၊ ပါဏာတိပါတာ ဝေရမဏီ၊ သိက္ခာပဒံ၊ သမာဒိယာမိ၊

၂၊ အဒိန္နာဒါနာ၊ ဝေရမဏီ သိက္ခာ၊ ပဒံ၊ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ၊ ဝေရမဏီ၊ သိက္ခာပဒံ၊ သမာဒိယာမိ၊

၅၊ သုရာမေရယ၊ မဇ္ဇပမာဒဋ္ဌာနာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၆။ ဝိကာလ ဘောဇနာ၊ ဝေရမဏီ၊ သိက္ခာပဒံ သမာဒိယာမိ၊

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ၊ ဝေရမဏီ သိက္ခာပဒံ၊ သမာဒိယာမိ၊

၈။ ဥစ္စာသယန၊ မဟာသယနာ၊ ဝေရမဏီသိက္ခာ ပဒံ၊ သမာဒိယာမိ။ ၊အဋ္ဌမဘာဂ ။(၈)ပါးသီလ ပြီး၏။

## ဆယ်ပါးသီလသိက္ခာပုဒ်။

၁။ ပါဏာတိပါတာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။

၃။ အဗြဟ္မစရိယာ၊ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။

၄။ မုသာဝါဒါ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိ သမာဒိယာမိ။

၅။ သုရာမေရယ၊ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၆။ ဝိကာလဘောဇနာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စဂီတ ဝါဒိတဝိသူကဒဿနာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၈။ မာလာဂန္ဓ ဝိလေပန၊ ဓါရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ၊

၉။ ဥစ္စာသယန၊ မဟာသယနာဝေရမဏီသိက္ခာပဒံသမာဒိယာမိ။

၁၀။ ဇာတရူပ၊ရဇတ ပဋိဂ္ဂဟဏာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အာမဘန္တေ၊ (၁၀)ပါးသီလပြီး၏။

### ဧကသနိက်ဓုတင်ဆောက်တည်နည်း။

နာနာသန၊ ဘောဇနံ၊ ပဋိက္ခိပါမိ ဧကာသနိကင်္ဂံ သမာဒိယာမိ။၎င်းဓုတင်ဆောင်လိုသောသူများသည် အာရုံတက်သည်နှင့် သီလခံယူပြီးနောက်၎င်းဓုတင်ကို သုံးခေါက်ဆိုရမည်၎င်းအနက်ကားနာနာသနဘောဇနံ အထူးထူးသောနေရာတို့၌ သုံးဆောင်ခြင်း၊စားသောက်ခြင်းကိုပဋိက္ခိပါမိပယ်ပါ၏၊ဧကာသနိကင်္ဂံတနေရာတည်း၌သုံးဆောင်ခြင်း၊စားခြင်း၊တည်းဟူသောဧကာသနိက်ဓုတင်ကို သမာဒိယာမိ ကောင်းစွာ ဆောက်တည်ပါ၏၊

### ၎င်းဓုတင်အဓိပ္ပါယ်။

ဥက္ကဋ္ဌ အမြတ်ကျင့်လိုသော လူရှင်ရဟန်းသည် ဘောဇဉ် ခဲဘွယ်၌ လက်ကိုချမိသျှင်၊ အခြားသော ဘောဇဉ်ခဲဘွယ်ကိုမခံကောင်း၊ထောပါတ်အစရှိသည် တို့ကိုဆောင်သာသျှင်၊ဆေးအလို ငှာသာအပ်၏။ အာဟာရအလို့ငှာ မဖြစ်မခံကောင်း၊ မဇ္ဈိမအလယ်ကျင့်

လိုသော သူသည် စားသောခွက်၌ ဘောဇဉ်ခဲဘွယ် မကုန်မီ တပါး သော-ဘောဇဉ် ခဲဘွယ်ကို ခံယူကောင်း၏၊ မုဒ္ဒ အယုတ်ကျင့်လိုသော သူသည် နေရာကမထ၍ ခံယူကောင်း၏၊ စားကောင်း၏၊ အသုံးထုံးသောနေရာတို့၌ ဘောဇဉ်ခဲဘွယ်ကို သုံးဆောင်စားသောက်လျှင် ဒုက္ကဋ်အာပတ်ဖြစ်၏။

## ပရမိုက်ဂျုတင်ဆောက်တည်ရန်။

ဒုတိယ ဘာဇနံပဋ္ဌဂ္ဂါတ္တပိုဏ္ဍိကော်ဂိ သမာဒိယာမိ(၃ခေါက်ဆို)

(အနက်ကား) ဒုတိယ ဘာဇနံ နှစ်ခု မြောက်သောခွက်ကို ပဋိက္ခိပ္ပါမိ ပယ်ပါ၏၊ ပတ္တပိဏ္ဍိကင်္ဂ တခွက်ထည်း၌ သုံးဆောင်ခြင်း စားခြင်း တည်းဟူသောပတ္တပိဏ် ဓုတင်ကို သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

ဥက္ကဋ္ဌကျင့်လိုသော လူရှင်ရဟန်းတို့သည်ကြံစုပ်သောအခါမှတပါးသောအခါ၌၊ငါးရိုးစပါးလုံးစသည်ကိုလည်းစွန့်ပစ်ခြင်းငှါမအပ်၊ ဘွမ်းခဲငါးအမဲမှုန့်တို့ကိုလည်းခွဲ၍စားခြင်းငှါမအပ်။ မစားမီရှေ့အတိုက

ကောင်းမွန်စွာပြင်ထားရမည်၊ မဇ္ဈ ကျင့်လိုသော လူရှင်
ရဟန်းသည် လက်တဘက်ဖြင့် ခွဲ၍ စားခြင်းငှာအပ်၏။
မုဒုကျင့်လိုသောသူသည် ခွက်သပိတ်၌ ထည့်သမျှကို
လက်ဖြင့်ရင်း၊ သွားတို့ဖြင့်ရင်း၊ ခွဲ၍စားခြင်းငှာအပ်
၏၊ နှစ်ခုမြောက်သောခွက်ကိုသာယာသောခဏ၌၊ ပတ္တ
ပိဏ်ချေတင်ပျက်၏။ လူတို့သည် ရင်းချေတင်၊ ၂-ပါးကို
ဆောက်တည်ကောင်း၏။

## သူတော်ကောင်းဥစ္စာ (၇) ပါး။

၁။ သဒ္ဓါ ရတနာသုံးပါး၏ ဂုဏ်သို့ ညွတ်စေခြင်း ယုံကြည်ခြင်း၊ ကံ၊ ကံ၏အကျိုးကိုယုံကြည်ခြင်း။

၂။ သီလ၊ ပဉ္စင်္ဂသီလ၊ အဋ္ဌင်္ဂသီလ၊ ဒသသီလနှင့် ပြည့်စုံခြင်း။

၃။ သုတ၊ အကြား အမြင် များခြင်း။

၄၊ စာဂ၊ ပေကမ်း စွန့်ကြဲခြင်း။

၅။ ပညာ၊ လောကီ လောကုတ္တရာ၊ နှစ်ဖြာသော အကျိုးကို နားလည် တတ်မြောက် သိမြင်ခြင်း၊ သစ္စာ လေးပါးကို သိမြင်ခြင်း။

၆။ ဟိရိ၊သူတော်ကောင်းတို့ကဲ့ရဲ့အံ့သည်မှ ရှက်၍ မကောင်းမှုတို့ကို ရှောင်ကြဉ်ခြင်း၊ ၊ရှက်ခြင်းသဘော။

၇။ ဩတ္တပ္ပ၊ ပစ္စုပ္ပန်ဘေး သံသရာဘေး တို့ကို ကြောက်လန့်၍၊ မကောင်းမှုမှ ကြဉ် ရှောင် ခြင်း ကြောက်ခြင်းသဘော။

## ပုညကြိယာဝတ္ထု—၁၀—ပါး

၁၊ ဒါန......အလှူပေးခြင်း။

၂။ သီလ......သီတင်းသီလ ဆောက်တည် ခြင်း၊ ငါးပါးသီလမြဲခြင်း။

၃။ ဘာဝနာ......ကမ္မဋ္ဌာန်း ဘာဝနာကို စီးဖြန်းခြင်း။

၄။ အပစာယန၊မိဘဆရာအသက်ဖြင့် ကြီးသောသူ၊ ဂုဏ်ဖြင့် ကြီးသောသူနှင့် ရတနာ ၃ပါးအား အရိုအသေပူဇော်ခြင်း။

၅။ ဝေယျာဝစ္စ၊ မိဘဆရာရတနာ၃ပါးတို့၌အမှုကိစ္စတို့ကိုဆောင်ရွက်ခြင်း။

၆။ ပတ္တိဒါန မိမိပြုသော ကုသိုလ်ကောင်းမှုကို သူတပါးအားပေးစေခြင်း။

၇။ ပတ္တာနုမောဒနာ၊ သူတပါး၏ ကုသိုလ်ကောင်းမှုကိုသာရခေါ်ခြင်း၊

၈။ ဓမ္မသဝနံ၊ သူတော်ကောင်း၏တရားတော်ကို နာယူခြင်း။

၉။ ဓမ္မဒေသနာ၊ သူတပါး တို့အား သူတော်ကောင်း၏တရားကိုဟောပြောရခြင်း၊

၁၀၊ ဒိဋ္ဌုဇုကမ္မ၊ ဘုရားဟောတော်မူ အပ်သော တရားတော်ကိုဖြောင့်မတ်စွာအယူရှိခြင်း။

## မဂ္ဂင်ရှစ်ပါးတရား

မဂ္ဂင်ရှစ်ပါးတရားကား၊ ကိလေသာတို့ကို ဖျက်ဆီးတတ်၍ဝဋ်ဆင်းရဲတို့၏ချုပ်ရာကုန်ရာနိဗ္ဗာန်သို့ရောက်စေတတ်သောတရားကိုခေါ်သည်။

၁။ သမ္မာဒိဋ္ဌိသစ္စာလေးပါး တရားကိုကောင်းစွာမြင်ခြင်း၊

၂။ သမ္မာသင်္ကပ္ပ၊ ကာမဝိတက်ဗျာပါဒ၊ ဝိတက် ဝိဟိံသဝိတက်မှ ကင်း၍ ကောင်းသော အကြံကို ကြံခြင်း။

၃။ သမ္မာဝါစာ၊ ဝစီဒုစရိုက် လေးပါးမှ ကြဉ်၍ ကောင်းသောစကားကိုပြောဆိုခြင်း၊

၄။ သမ္မာကမ္မန္တော၊ ကာယဒုစရိုက် ၃ပါးမှ ကြဉ်၍ကောင်းသောအမှုကိုပြုခြင်း။

၅။ သမ္မာအာဇီဝေါ၊ ယုတ်မာသော အသက်မွေးကြောင်းဖြစ်သော အဝိဓိုကဝါဏိဇ္ဇနှင့် ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်၍သိလကိုနှလုံးသွင်း၍ ကောင်းစွာအသက်မွေးခြင်း။

၆။ သမ္မာဝါယာမော၊ အကုသိုလ်တရားတို့ကိုမဖြစ်စေမူ၍၊ မဖြစ်မရှိသေးသောကုသိုလ်တရားတို့ကို ဖြစ်အောင်လုံးလပြုခြင်း။

၇။ သမ္မာသတိမိမိတို့ခန္ဓာကိုယ်၌နိဝရဏစသောတရားတို့ကိုအဘန်တလဲလဲမဖြစ်ရအောင် ကောင်းစွာအောက်မေ့ခြင်း၊ရှုခြင်း။

၈။ သမ္မာသမာဓိ၊ဝတ္ထုကာမကိလေသာကာမတို့၌ဆိတ်၍ အကုသိုလ်ဖြစ်ကုန်သောတရားတို့ကိုပယ်ပြီးလျှင်ကုသိုလ်တရားတို့ကိုမဘောက်မပြန်အာရုံ၌ တည်ကြည်မြဲမြံစွာထားနိုင်ခြင်း။

## မေတ္တာဘာဝနာပွါးများနည်း။

၁။ သဗ္ဗေသတ္တာအဝေရာဟောန္တု၊

၂။ သဗ္ဗေသတ္တာအဗျာပဇ္ဇာဟောန္တု၊

၃။ သဗ္ဗေသတ္တာအနီဃာဟောန္တု။

၄။ သဗ္ဗေသတ္တာသုခီအတ္တာနံပရိဟာရန္တု။

သဗ္ဗေခပ်သိမ်းကုန်သော သတ္တာသတ္တဝါအပေါင်းတို့သည်၊ အဝေရာ ရန်မရှိကုန်သည် ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း၊ သဗ္ဗေသတ္တာ ခပ်သိမ်း ကုန်သော သတ္တဝါတို့သည် အဗျာပဇ္ဈာ စိုးရိမ်ကြောင့်ကြခြင်းမှ ကင်းသည်ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း၊ သဗ္ဗေသတ္တာခပ်သိမ်းကုန်သော သတ္တဝါတို့သည်အနီဃာ၊ ဆင်းရဲခြင်းမှကင်းသည် ဟောန္တု၊ ဖြစ်ပါ စေကုန်သတည်း။ သဗ္ဗေသတ္တာခပ်သိမ်းကုန်သော သတ္တဝါတို့သည်၊ အတ္တာနံ၊ မိမိကိုယ်ကို သုခီချမ်းသာခြင်းနှင့် ပရိဟာရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း၊ ၎င်းလေးမျိုးကို ပုတီးစိတ်ပါက မေတ္တာဘာဝနာ ပွါးများသည်မည်၏၊ ၎င်းဘာဝနာသည် သမထဘာဝနာ မည်၏၊ မေတ္တာဘာဝနာ၏၊ အကျိုးအာနိသင်ကား၊ ကထမေဧကာဒသ သုခံသုပတိ သုခံပဋိဗုဇ္ဈတိ၊ နပါပကံသုပိနံပဿတိ မနုဿာနံပိယောဟောတိ အမနုဿာနံပိယောဟောတိ ဒေဝတါရက္ခန္တိ၊ နာဿ၊ အဂ္ဂိဝါ၊ ဝိသံဝါ၊ သတ္ထံဝါကမတိ တုဝဋ္ဋံစိတ္တံ သမာဓိယတိ မုခဝဏ္ဏော ပသီဒတိ အသံမုဠှောကာလံကရောတိ ဥတ္တရိံ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မ

လော၊ကုပဂေါ ဟောတီတိ၊ နိဒါန၊ ဝဂ္ဂသံယုတ်ပါဠိတော် ဧကာဒသအင်္ဂုတ္တိုရ်ပါဠိတော်၌ လည်းလာ၏၊ အဋ္ဌ၊ အနက်ကား။ ဘိက္ခဝေချစ်သား ဂိုဧကာဒသ၊ (၁၁)ပါးတို့ ဟူသည့်၊ကတမေ၊ အဘယ်နည်း၊ သုခံချမ်းသာစွာ သုပ္ပတိအိပ်ရ၏၊ သုခံချမ်းသာစွာပဋိဗုဇ္ဈတိ နိုးရ၏၊ ပါပကံ မကောင်းသော သုပိနံအိပ်မက်တို့ကို နပဿတိ၊ မမြင်မက်၊ မနုဿာနံ လူတို့သည် ပိယော ချစ် အပ် သည့် ဟော တိ၊ ဖြစ်၏၊ အမနု ဿာနံ လူမဟုတ်သောနတ်ဘီလူးတို့သည် ပိယောချစ်အပ် သည်ဟောတိ ဖြစ်၏။ ဒေဝတာ နတ်တို့သည် ရက္ခန္တိ စောင့်ရှောက်ကုန်၏အဿ ထိုမေတ္တာကို ပွားစေသော သူအားအဂ္ဂိဝါ မီးသည်လည်း နကမ္မတိမလောင်။ ဝိသံဝါအဆိပ်သည်လည်းနကမ္မတိမသင့်။ သတ္ထံဝါ လက်နက်သည်လည်းနကမ္မတိ။ မရှုမဝင်၊ တုဝဋ္ဋံ စိတ္တံ လျှင့်သောစိတ်တို့သည် သမာဓိယတိ တည်ကြည်၏။ မုခဝဏ္ဏောမျက်နှာ၏၊ အဆင်းသည်လည်းပသီဒတိ ကြည်လင်၏အသံမုဠှော မတွေမဝေဘဲလျက်ကာလံကရောတိ သေခြင်းကိုလည်းပြုရ၏၊ ဥတ္တရိံ မြတ်သော မဂ်ဖိုလ် အထူးကို အပ္ပဋိဝိဇ္ဈန္တော ထိုးထွင်း၍ မသိသော် လည်းဗြဟ္မလောကုပဂေါ ဗြဟ္မာ့ပြည်သို့ လားရသည်

ဟောတိဖြစ်၏။ ဘိက္ခဝေချစ်သားတို့ ဇာတိဇာမေ ဧကော
ဒသအာနိသံသာ ဤတဆယ့်တပါးသော အကျိုးတို့
ကို ပါဠိတော်၌ အလိုအပ်ကုန်၏။

### ရေလှူရသောအကျိုး၁၀ပါး။

ဝိသုဒ္ဓံ၊ ကိတ္တိံ၊ ယသဉ္စ၊ သိင်္ဂံ၊ ဝိကတဒီပါသံ၊ အာယုဝဏ္ဏံ၊ သုခ ဗလပဋိဘာနံ၊ ဥဒကာဒါနံ၊ မိဒံ ဖလံ၊ ဒသနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ တော်လာ၊ ဝိသုဒ္ဓံ၊ သန့်ရှင်းစင်ကြယ်ခြင်းရင်း၊ ကိတ္တိံ ကျော်စောခြင်းရင်း၊ ယသဉ္စအခြံအရံများခြင်းရင်း။ သိင်္ဂံ၊ လျှော်မြန်ခြင်းရင်း။ ဝိကတဒီပါသံ၊ ဆာသောလောင်မွတ်သိပ်ခြင်းမှ ကင်းခြင်းရင်းအာယုအသက်ရှည်ခြင်းရင်း၊ ဝဏ္ဏံအဆင်းလှခြင်းရင်း၊သုခံချမ်းသာကြီးခြင်းရင်း။ ဗလံ ခွန်အားကြီးခြင်းရင်း၊ပဋိဘာနံလျှင်မြန်ပေါ့ပါးသော ဉာဏ်ရှိခြင်းရင်း၊ ဇာဒံ၌ဆိုအပ်ခဲ့ပြီ သည်ကား၊ဥဒကာဒါနံရေလှူရခြင်း၏ ဖလံအကျိုးတို့တည်း။

### တံမြက်လှည်းရသောအကျိုးငါးပါး ပဉ္စနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။

ပဉ္စိမေ၊ဘိက္ခဝေ အာနိသံသာ၊သမ္မဇ္ဇနိယာ၊ကတမေ ပဉ္စ၊သကစိတ္တံ ပသီဒတိ၊ ပရစိတ္တံ ပသီဒတိ၊ ဒေဝတာ

အတ္တမနာ၊ ဟောန္တိ၊ ပသာဒနိကာ၊ သံဝေဇနိကံ။ ပုညံ ဣမေ ခေါ ဘိက္ခဝေ၊ ပဉ္စ အာနိသံသာ သမ္မဇ္ဇနိယာ ဘိက္ခဝေ ရဟန်းတို့ သမ္မဇ္ဇနိယာ၊ တံမြက်လှည်းခြင်း၏ အာနိသံသာ အကျိုးတို့သည်၊ ပဉ္စ ငါးပါးတို့တည်း၊ ကတမေ ပဉ္စ အဘယ်ငါးပါးတို့နည်း၊ သကစိတ္တံ၊ မိမိ၏စိတ်ကို ပသီဒတိ ကြည်လင်စေ၏၊ ပရစိတ္တံ သူတပါး၏စိတ်ကိုပသီဒတိ ကြည်လင်စေ၏။ ဒေဝတာ နတ်တို့သည် အတ္တမနာ နှစ်လို ဝမ်းမြောက်ခြင်း ရှိကုန်သည် ဟောန္တိ ဖြစ်ကုန်၏။ ပသာဒနိကာ၊ ကြည်ညိုဘွယ်ကို ဆောင်တတ်ကုန်၏။ သံဝေဇနိကာ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော။ ပုညံ ကုသိုလ်ကောင်းမှုကို၊ ဥပစိနာတိ ဆည်းပူးသည်မည်၏။ ဘိက္ခဝေ ချစ်သားတို့ သမ္မဇ္ဇနိယာ တံမြက်လှည်းခြင်း၏ အာနိသံသာ အကျိုးတို့သည် ဣမေ ပဉ္စ ဤငါးပါးတို့တည်း။

## အသက်ရှည်ခြင်း၏အကြောင်းခြောက်ပါး—မဟာဝဂ်ပါဠိ။

ပရိသာဝန၊ ဒါနဉ္စ၊ အာဝါသဒါနမေဝစ၊ ဂိလာနဝတ္ထု ဒါနဉ္စ၊ ဒါတဗ္ဗံ မနုဿာဒိပဏာရေသု ဓိဋ္ဌကာဝါသိပဋိ သန္ဓါရကံ တထာ၊ ပဉ္စသီလံ သမာဒါနံ ကတွာတံ၊ သာ ရက္ခိတံ ဥပေါသထောပဝါသောစ၊ ကာတဗ္ဗောပေါ

သတောဉာတိ၊ မနုဇာဓိပ လူကိုအစိုးရသော။ ဝသဘာ
မင်းကြီး၊ပရိဿဝနဒါနဉ္စ၊ရေစစ်အလှူကို၎င်း၊ အာဝါသ
ဒါနမေဝစ၊ ကျောင်းအလှူကို၎င်း၊ ဂိလာနပစ္စယ၊ ဒါနဉ္စ၊
မကျန်းမာသောပုဂ္ဂိုလ်အား ဆေးအလှူကိုလှူရခြင်း၎င်း၊
ဒါတဗ္ဗံ ပေးလှူအပ်၏၊ ဇိဏ္ဏကာဝါသံ၊ ပဋိသင်္ခါရဏံ
ဟောင်းနွမ်းဆွေးမြေ့သောကျောင်းကို တဖန်ပြင်ခြင်း
၎ါ၊ကရေယျ ပြုပြင်ရာ၏၊ပဉ္စသီလသမာဒါနံ ငါးပါးသီ
လဆောက်တည်ခြင်းကို၊ကတွာပြု၍တံ ထိုငါးပါးသီလ
ကို သာဓုရက္ခိတံ၊ ကောင်းစွာ ဆောက်တည်အပ်၏၊
ဥပေါသထေ၊ ဥပုဒ်နေ့၌ ဥပေါသထော ပဝါသောစ
ဥပုသ်သုံးခြင်းကိုလည်း ကာတဗ္ဗော ပြုအပ်၏၊ ဉာတိ
ဤသို့အသက်ရှည်စေ တတ်သော အကြောင်းခြောက်
ပါးကိုဇာနေယျ သိရာ၏။

ဣဒံမေ၊ပုညံ၊အာသဝက္ခယံ၊ နိဗ္ဗာနဿ၊ ပစ္စယော
ဟောတု၊ လူများသည်၊လူ့အလဇ္ဇီဒုဿီလ မဖြစ်အောင်
အထူးဂရုစိုက်၍ ကျိုးစားပြီး ရှောင်ကြဉ်အားထုတ်ကြ
ပါ။

* * *